ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ သောကြာနေ့၊ (19-1-2007) (၅၂၀၇)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဒုတိယအကြိမ် အရှေ့အာရှနိုင်ငံများ၏ ထိပ်သီးအစည်းအဝေးတွင် အရှေ့အာရှ စွမ်းအင်ဖူလုံရေးဆိုင်ရာ စီးဘူးကြေညာစာတမ်းကို လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဒုတိယအကြိမ် အရှေ့အာရှထိပ်သီးအစည်းအဝေးတက်ရောက် အရှေ့အာရှ စွမ်းအင်ဖူလုံရေးဆိုင်ရာ စီးဘူးကြေညာစာတမ်းကို လက်မှတ်ရေးထိုး

နေပြည်တော်   ဇန်နဝါရီ   ၁၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့ရှိ Cebu International Convention Centre၌ ကျင်းပသည့် ဒုတိယအကြိမ် အရှေ့အာရှနိုင်ငံများ၏ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး အရှေ့အာရှစွမ်းအင် ဖူလုံရေးဆိုင်ရာ စီးဘူးကြေညာစာတမ်း (Cebu Declaration on East Asian Energy Security) ကို လက်မှတ်ရေးထိုးသည်။

ယင်းထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မြန်မာနိုင်ငံအပါအဝင် အရှေ့အာရှနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် Cebu International Convention Centre သို့ စတင်၍ ရောက်ရှိလာကြရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာကါပါကဲလ် အာရိုယိုက ကြိုဆိုနှုတ်ဆက်သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စီးဘူးကြေညာစာတမ်း လက်မှတ်ရေးထိုး

ဒုတိယအကြိမ် အရှေ့အာရှနိုင်ငံများ၏ ထိပ်သီးအစည်းအဝေးတွင် အရှေ့အာရှစွမ်းအင်ဖူလုံရေးဆိုင်ရာ စီးဘူး ကြေညာစာတမ်းကို အရှေ့အာရှနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၉–၁–၂၀၀၇
(သောကြာနေ့)

အာဆီယံနိုင်ငံများ ခိုင်ခိုင်မာမာ ပေါင်းစည်းညီညွတ်ရေးရှေးရှု အပြန်အလှန်စောင့်ရှောက်ကူညီသည့် အသိုက်အဝန်းထူထောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီဘူးမြို့၌ ဇန်နဝါရီလ ၁၃ ရက်နေ့က ကျင်းပခဲ့သော (၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေး၊ ဧရာဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာခေါင်းဆောင်များ၏ ကာလလယ်ပြန်လည်သုံးသပ်မှု အစည်းအဝေးတို့သို့ တက်ရောက်ဆွေးနွေးပြီး စီဘူးကြေညာချက်(၅)ခုကို လက်မှတ်ရေးထိုးခဲ့သည်။

(၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးတွင် အာဆီယံအသင်းကြီးအတွက် အရေးပါသည့် အာဆီယံပဋိညာဉ်ရေးဆွဲရာတွင် ပညာရှင်အဖွဲ့၏ အကြံပြုချက်များအနက် အလေးထားစဉ်းစားသင့်သည့် အချက်များနှင့် ၂၀၂၀ ပြည့်နှစ် အာဆီယံရည်မှန်းချက်များ အကောင်အထည်ဖော်ရေး၊ နိုင်ငံတကာအကြမ်းဖက် ပြဿနာတိုက်ဖျက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ စွမ်းအင်ဖူလုံရေး၊ အစားထိုးလောင်စာဆီများ တိုးမြှင့်အသုံးချရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့အတူ အာဆီယံအသင်းကို နားလည်မြတ်နိုးသော ပညာတတ်လူငယ်များ ပြုစုပျိုးထောင်ရေး၊ ရွှေ့ပြောင်း အလုပ်သမားပြဿနာဖြေရှင်းရေး၊ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးစသည့် အာဆီယံနိုင်ငံများအကြား ဖြစ်ပေါ်နေသော လုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်။

(၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးတွင် အပြန်အလှန်စောင့်ရှောက်ကူညီပြီး မျှဝေခံစားနိုင်သည့် အသိုက်အဝန်းထူထောင်ရေးဆိုင်ရာကြေညာချက်၊ အာဆီယံပဋိညာဉ်အတွက် အခြေခံရမည့်မူများနှင့်စပ်လျဉ်းသည့် ကြေညာချက်၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကာကွယ်မြှင့်တင်ရေးနှင့် စပ်လျဉ်းသည့် ကြေညာချက်၊ နိုင်ငံတကာအကြမ်းဖက်မှုပြဿနာ တားဆီးကာကွယ်တိုက်ဖျက်ရေးဆိုင်ရာကြေညာချက်နှင့် အာဆီယံ၏ မျှော်မှန်းချက်များကို ရှေ့သို့တိုး၍ ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရေးနှင့် စပ်လျဉ်းသည့် ကြေညာချက်များကို ထုတ်ပြန်ခဲ့သည်။

သို့ဖြစ်၍ ဖိလစ်ပိုင်သမ္မတနိုင်ငံ စီဘူးမြို့တွင် ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးမှ ညှိနှိုင်းဆွေးနွေးချက်များနှင့် ထုတ်ပြန်ခဲ့သော စီဘူးကြေညာချက်များသည် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ခိုင်ခိုင်မာမာ ပေါင်းစည်းညီညွတ်ရေးကို ရှေးရှုလျက်ရှိရာ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်စောင့်ရှောက်ကူညီမျှဝေခံစားနိုင်သည့် အသိုက်အဝန်းတစ်ရပ် ထူထောင်သွားနိုင်မည်ဟု ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့များတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Development and Reform Commission Vice Chairman H.E. Mr. Zhang Guobao **နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး** H.E. Mr.Guan Mu **တို့ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၁၅ရက် နံနက် ၁၁နာရီတွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ** Petro China **ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ** Mr. Liao Yong Yuan **ဦးဆောင်သောအဖွဲ့သည် ညနေ ၃နာရီတွင်လည်းကောင်း နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစွမ်းအင်ကဏ္ဍဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။**

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်စီမံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Development and Reform Commission Vice Chairman H.E. Mr. Zhang Guobao **နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး** H.E. Mr. Guan Mu **တို့ လာရောက်တွေ့ဆုံစဉ်။** (စွမ်းအင်)

သီတဂူအလှူတော် အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၈

စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ(D.Litt)(Ph.D)၏ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာ့ဗိမာန် အလှူတော် အထူးတရားပွဲကို ၁၃၆၈ ခု တပို့တွဲလဆန်း ၄ရက် ဇန်နဝါရီ ၂၁ ရက်(တနင်္ဂနွေနေ့) ညရနာရီတွင် သာကေတမြို့နယ် (၅) ရပ်ကွက် သုမနဓမ္မဗိမာန်၌ ကျင်းပမည်ဖြစ်ရာ တရားတော်နာကြားရောက်ပါရန်နှင့် သီတဂူ သာသနာ့ဗိမာန်အလှူတော်အတွက် ပါဝင်လှူဒါန်းနိုင်ရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အောင်စကြာ အရှင်စန္ဒသိရီ တရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၁၈

သာကေတမြို့နယ် အောင်စကြာမိုးကုတ်ရိပ်သာကြီး၏ ပြည်တွင်းပြည်ပ သာသနာပြု နယ်လှည့်ဓမ္မကထိက အောင်စကြာ အရှင်စန္ဒသိရီ(မြွှာစရိယ) သည် ဇန်နဝါရီ၁၉ရက်တွင် သာကေတမြို့နယ် ၁၀/တောင်၊ (၁၃)ရပ်ကွက်၊ သာသနဟိတပါလဓမ္မာရုံ ဓမ္မသဘင်၊ ၂၀ရက်တွင် ဘုရားဖြူ ဝိနည်းစာတော်ပြန်ပွဲ စိန်ရတုဓမ္မသဘင်၊ ၂၁ရက်တွင် သာကေတမြို့နယ်၊ ၄ရပ်ကွက်၊ ဆုတောင်းပြည့် မြစေတီဘုရားပွဲတော် ဓမ္မသဘင်၊ ၂၂ရက်တွင် တာမွေမြို့နယ်၊ ကျောက်မြောင်း သီတာလူငယ် ဆွမ်းလောင်းအသင်း ဆွမ်းအောင်ပွဲ ဓမ္မသဘင်၊ ၂၄ရက်တွင် သာကေတမြို့နယ် ၁၀/တောင် (၁၂)ရပ်ကွက်၊ သလ္လာဝတီ (၅)လမ်း ဓမ္မသဘင်၊ ၂၅ရက်ညနေ (ဆည်းဆာ) သာကေတမြို့နယ် ၁၀/တောင် နွယ်နီ ၄လမ်း၊ သာသနဝုဓ္ဓိ ဓမ္မာရုံဓမ္မသဘင်၊ ညရနာရီတွင် သာကေတမြို့နယ် ၁၀/တောင်၁၃ရပ်ကွက်၊ ၇/ဈေးလမ်းမကြီး ဓမ္မသဘင်၊ ၂၇ရက်နှင့် ၂၈ရက်များတွင် သံဖြူဇရပ်မြို့ ဦးအောင်စိုး ဒေါ်ရင်ရင်စိုးတို့၏ ဓမ္မသဘင်နှင့် ၃၁ရက်တွင် သာကေတမြို့နယ် (၈)ရပ်ကွက်၊ ဒါနသုခ ဆွမ်းလောင်းအသင်း ဆွမ်းအောင်ပွဲ ဓမ္မသဘင်တို့၌ သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဟု သိရသည်။ (က–ပ)

အီရန်ကိုပစ်မှတ်ထားသည့်တိုက်ခိုက်မှုအား ကူဝိတ်နိုင်ငံက ဆန့်ကျင်ဟု ပြောကြား

ကူဝိတ်စီးတီး ဇန်နဝါရီ ၁၆

အီရန်နိုင်ငံကို ပစ်မှတ်ထားသည့် စစ်ရေးအရတိုက်ခိုက်မှုအား မိမိနိုင်ငံက ဆန့်ကျင်သည်ဟု ကူဝိတ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အယ်လ်ခိုရာဖီက ပြောကြားကြောင်း ဒေသခံအာရပ်တိုင်းမ်သတင်းစာက တနင်္လာနေ့တွင်ရေးသားသည်။

အီရန်နိုင်ငံ၏ နျူကလီးယား ပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် စစ်ရေးနည်းဖြင့် မဟုတ်ဘဲ ဆွေးနွေးညှိနှိုင်းပြီး နိုင်ငံရေးအရ ဖြေရှင်းရန် ခိုရာဖီက လွှတ်တော်တွင် သတင်းထောက်များအား ပြောကြားသည်။

အမေရိကန် ပြည်ထောင်စုက အီရန်ကို ၂၀၀၇ ခုနှစ် ဧပြီလမတိုင်မီ စစ်ရေးအရ တိုက်ခိုက်နိုင်ဖွယ်ရှိသည်ဟု အာရပ်တိုင်းမ်သတင်းစာ၏ ရေးသားချက်ကို တုံ့ပြန်လျက် ယင်းသို့ပြောကြားခြင်းဖြစ်သည်။

ရေးသားခဲ့

အမေရိကန်က အီရန်ကို တိုက်ခိုက်ရာတွင် ပင်လယ်ပြင်ဘက်မှ တိုက်ခိုက်နိုင်သည်ဟု ယုံကြည်အားထားလောက်သည့် သတင်းရပ်ကွက်ကို ကိုးကား၍ အယ်ဒီတာချုပ် အယ်ဂျာရာလာက ရေးသားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှု ပါကစ္စတန်တွင် ဆန္ဒပြ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၆

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ ဇန်နဝါရီ ၁၃ ရက်က အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ၁၃ဦး သေဆုံးခဲ့ရမှုကို ပါကစ္စတန် နိုင်ငံနယ်စပ် ဘာဂျူဒေသတွင် နေထိုင်သော တိုင်းရင်းသားများက စနေနေ့က ကန့်ကွက်ဆန္ဒပြကြသည်။

အမေရိကန်စစ်လေယာဉ်များသည် အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ကူနာပြည်နယ်နှင့် ထိစပ်နေသော ဘာဂျူဒေသရှိ ဒါမာဒိုလာကျေးရွာကို ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် အမျိုးသမီးများနှင့် ကလေးများအပါအဝင် လူပေါင်း ၁၃ ဦး သေဆုံးခဲ့ရသည်။ ဆန္ဒပြသူများက အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ် ၏ ပုံတူအရုပ်ကြီးကို မီးရှို့ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

မှုဒိမ်းမှုကျူးလွန်သူ ကန်တပ်ဖွဲ့ဝင်တစ်ဦး တောင်ကိုရီးယားတွင်အဖမ်းခံရ

ဆိုးလ် ဇန်နဝါရီ ၁၇

တောင်ကိုရီးယားနိုင်ငံ၌ အခြေစိုက်ထားသော အမေရိကန်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးသည် ဆိုးလ်မြို့တစ်နေရာ၌ အသက် ၆၇နှစ်အရွယ်ရှိ ကိုရီးယား အမျိုးသမီးကြီးတစ်ဦးအား မတော်မတရားပြုကျင့်မှုကြောင့် ဇန်နဝါရီ ၁၅ ရက်က ဖမ်းဆီးခဲ့ကြောင်း ယွန်ဟပ်သတင်းဌာနက ဖော်ပြသည်။

ဖော်ပြ

အဓမ္မပြုကျင့်သူမှာ အမှတ်–၈ အမေရိကန်ကြည်းတပ်ဖွဲ့မှ အသက်၂၃နှစ်အရွယ်ရှိ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ၎င်း၏အမည်အပြည့်အစုံကို ဖော်ပြခြင်းမပြုဘဲ အင်္ဂလိပ်စာလုံး ဂျီဟူ၍သာ သတင်း၌ ဖော်ပြထားသည်။

ဆိုးလ်မြို့၏ အနောက်ဘက်ရှိ လမ်းကျဉ်းတစ်ခုအတွင်း အမျိုးသမီးကြီးကို ထိုးကြိတ်ကာ မတော်မတရားပြုကျင့်ပြီးနောက် ဇန်နဝါရီ ၁၅ရက် နံနက်၆နာရီခန့်တွင် ၎င်းကန်တပ်ဖွဲ့ဝင်ကို ကိုရီးယားရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

မဟာဗောဓိရာပြည့်ပွဲနှင့် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၈

၁၂၆၈ ခုနှစ်မှစ၍ သာသနာ့ဥဩှာင်ဆရာတော်ကြီးများ တည်ထောင်ခဲ့သော သုံးခွမြို့ မဟာဗောဓိ ပရိယတ္တိ စာသင်တိုက်ကြီး နှစ်(၁၀၀)ပြည့်ပွဲနှင့်အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၃ နှင့် ၄ ရက်တွင်ကျင်းပမည်ဖြစ်ရာ မဟာဗောဓိဝံသ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ကြွရောက်ကြရန် ရာပြည့်ပွဲနှင့် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထားသည်။ (၂၃)

ထိပ်သီးအစည်းအဝေး ကျင်းပ

ဒုတိယအကြိမ် အရှေ့အာရှနိုင်ငံများ၏ ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်

ဒုတိယအကြိမ် အရှေ့အာရှနိုင်ငံများ၏ ထိပ်သီးအစည်းအဝေးတွင် အရှေ့အာရှနိုင်ငံများမှခေါင်းဆောင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

✪ **ရှေ့ဖုံးမှ**

ဒုတိယအကြိမ် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီဟာဆာနာလ်ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုယိုနို၏ ကိုယ်စားလှယ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်း၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင်ဟာဂျီအာမက် ဘာဒါဝီ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါကဲလ် အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ် ချူလာနွန်၊ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျွန်ဟားဝပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ နိုမူဟွန်၊ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် မစ္စဟယ်လင်ကလပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ အွန်ကင်ယွန်တို့ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

ဒုတိယအကြိမ် အရှေ့အာရှနိုင်ငံများ၏ ထိပ်သီးအစည်းအဝေးကို နံနက် ၉ နာရီ ၁၅ မိနစ်တွင် ကျင်းပရာ အရှေ့အာရှနိုင်ငံ ခေါင်းဆောင်များက အရှေ့အာရှအသိုင်းအဝိုင်း ထူထောင်ရေး၊ ဒေသတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ စွမ်းအင်ကဏ္ဍ လုံခြုံဖူလုံရေး၊ လူ့အရင်းအမြစ်ပျိုးထောင်ရေးအတွက် ပညာရေးကဏ္ဍ၌ အပြန်အလှန် ပူးပေါင်းကူညီရေး၊ ကြက်ငှက်တုပ်ကွေးရောဂါ အပါအဝင် ကူးစက်ရောဂါများ ကာကွယ်တိုက်ဖျက်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေး၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ကိုရီးယားကျွန်းဆွယ်ကိစ္စကို ငြိမ်းချမ်းစွာဖြေရှင်းရေး စသည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

နည်းလမ်းရှာကြံ

မြန်မာနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းကလည်း စွမ်းအင်ကဏ္ဍ လုံခြုံဖူလုံရေးအတွက် နည်းလမ်းများ ရှာကြံရေး၊ ဦးစားပေး ရွေးချယ်ထားပြီးသော ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်(စ်)ရောဂါ အပါအဝင် ကူးစက်ရောဂါများကို အချိန်မီ ကာကွယ်တားဆီးကုသရေးတို့နှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း ဆွေးနွေးသည်။

သုံးသပ်ရှင်းလင်းတင်ပြ

ယင်းနောက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ဥက္ကဋ္ဌ Mr. Haruhiko Kuroda က အရှေ့အာရှ ထိပ်သီးအစည်းအဝေးသို့ အရှေ့အာရှနိုင်ငံများ၏ စီးပွားရေးအခြေအနေ၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ၌ ၂၀၀၆ခုနှစ်တွင် အရှေ့အာရှဒေသနိုင်ငံများ၏ စုစုပေါင်း ဂျီဒီပီသည် ၅ရာခိုင်နှုန်းခန့်၊ အာဆီယံ ၁၀နိုင်ငံ၏ ဂျီဒီပီသည် ၆ ရာခိုင်နှုန်းခန့် အသီးသီးတိုးတက်ခဲ့ရာ ၂၀၃၀ပြည့်နှစ်တွင် အရှေ့အာရှ၏ စီးပွားရေးသည် ကမ္ဘာ့စီးပွားရေး၏ ၄၀ရာခိုင်နှုန်းကျော်ခန့်အထိ ရှိလာနိုင်ကြောင်း၊ သို့ရာတွင် ဒေသတွင်း၌ ဆင်းရဲနွမ်းပါးမှု၊ ရေ၊ မီးနှင့် လမ်းပန်းဆက်သွယ်ရေး မပြည့်စုံမှု၊ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု၊ ကူးစက်ရောဂါဖြစ်ပွားမှု စသည့်အခက်အခဲများကိုလည်း ကျော်လွှားရန်လိုအပ်ကြောင်းဖြင့် သုံးသပ်ရှင်းလင်းတင်ပြသည်။

ထိပ်သီးအစည်းအဝေးတွင် အရှေ့အာရှ ၁၆ နိုင်ငံတို့မှ ခေါင်းဆောင်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကြေညာစာတမ်း လက်မှတ်ရေးထိုး

ထို့နောက် အရှေ့အာရှ စွမ်းအင်ဖူလုံရေး ဆိုင်ရာ စီးဘူးကြေညာစာတမ်း လက်မှတ် ရေးထိုးပွဲကို ဆက်လက်ကျင်းပရာ အရှေ့အာရှနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် အရှေ့အာရှ စွမ်းအင် ဖူလုံရေးဆိုင်ရာ စီးဘူးကြေညာစာတမ်းကို လက်မှတ်ရေးထိုးကြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက အရှေ့အာရှ စွမ်းအင်ဖူလုံရေးဆိုင်ရာ စီးဘူးကြေညာစာတမ်းကို အာဆီယံအတွင်းရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

နေ့လယ်စာစားပွဲ

ယင်းနောက် မြန်မာနိုင်ငံအပါအဝင် အရှေ့အာရှနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ကြပြီး တစ်ဦးနှင့်တစ်ဦး ရင်းနှီးစွာ ဆွေးနွေးနှုတ်ဆက်ကြကာ ဒုတိယအကြိမ် အရှေ့အာရှနိုင်ငံများ၏ ထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းခဲ့ကြသည်။

ဒုတိယအကြိမ် အရှေ့အာရှနိုင်ငံများ၏ ထိပ်သီးအစည်းအဝေး၏ ညှိနှိုင်းဆုံးဖြတ်ချက်အရ အရှေ့အာရှနိုင်ငံများမှ စွမ်းအင်ဝန်ကြီးများသည် မကြာမီ ဒေသတွင်း စွမ်းအင်ဖူလုံရေးအတွက် တွေ့ဆုံဆွေးနွေးကြမည် ဖြစ်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၁-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၃။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း-၁၁)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နောက်ဆုံးပစ်မှတ်" (အပိုင်း-၂၄)(ဇာတ်သိမ်းပိုင်း)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အာဆီယံ–အိန္ဒိယ ထိပ်သီးအစည်းအဝေး၊ အာဆီယံ–ဂျပန်ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်

(၅)ကြိမ်မြောက် အာဆီယံ–အိန္ဒိယ ထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းတို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော်   ဇန်နဝါရီ   ၁၈

ဇန်နဝါရီ ၁၄ ရက်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့၌ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ထိပ်သီးအစည်းအဝေးများကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် (၅)ကြိမ်မြောက် အာဆီယံ–အိန္ဒိယထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် အာဆီယံ–ဂျပန် ထိပ်သီးအစည်းအဝေးနှင့် (၁၀)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးများသို့ ဆက်လက်တက်ရောက်သည်။

အာဆီယံ–အိန္ဒိယ

(၅)ကြိမ်မြောက် အာဆီယံ–အိန္ဒိယ ထိပ်သီးအစည်းအဝေးကို ညနေ ၃နာရီ ၁၅မိနစ်တွင် Shangri-La Hotel Mactan ရှိ Sugbu Summit Hall ၌ ကျင်းပရာ အိမ်ရှင် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါကဲလ်အာရိုယိုက သဘာပတိအဖြစ် ဆောင်ရွက်သည်။

ထိပ်သီး အစည်းအဝေးမစတင်မီ အာဆီယံခေါင်းဆောင်များနှင့် အိန္ဒိယ သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းတို့သည် အမှတ်တရ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထိပ်သီးအစည်းအဝေးတွင် ရှေးဦးစွာ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်က အာဆီယံ–အိန္ဒိယပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အာဆီယံ ခေါင်းဆောင်များကလည်း အာဆီယံ–အိန္ဒိယ လွတ်လပ်သော ကုန်သွယ်ရေးဒေသ ထူထောင်နိုင်ရေး၊ အကြမ်းဖက်မှုအန္တရာယ်ကာကွယ်တားဆီးတိုက်ဖျက်ရေး၊ စက်မှုကဏ္ဍ၊ ဇီဝနည်းပညာကဏ္ဍ၊ ခေတ်မီဆေးဝါးကဏ္ဍနှင့် ရိုးရာဆေးဝါးကဏ္ဍတို့၌ တိုးချဲ့ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်း နိုင်ငံအချင်းချင်းအကြား လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးရေးကိစ္စတို့အပေါ် ညှိနှိုင်းဆွေးနွေးကြပြီး အာဆီယံ–အိန္ဒိယ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးတို့အတွက် အမြင်ချင်း ဖလှယ်ကြသည်။

အာဆီယံ–ဂျပန်

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အာဆီယံ–အိန္ဒိယ ထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းလိုက်ကာ (၁၀)ကြိမ်မြောက် အာဆီယံ–ဂျပန် ထိပ်သီးအစည်းအဝေးကို ညနေ ၅နာရီတွင် ဆက်လက်ကျင်းပသည်။

ထိပ်သီးအစည်းအဝေးမစတင်မီ အာဆီယံခေါင်းဆောင်များနှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့သည် အမှတ်တရ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အာဆီယံ–ဂျပန် ထိပ်သီးအစည်းအဝေးတွင် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်က အာဆီယံနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေး၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ ရှင်သန်အားကောင်းလာရေး၊ အာဆီယံ–ဂျပန် ဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရေး၊ ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းရေး၊ အာဆီယံ+၃နိုင်ငံများ၏ ဦးဆောင်မှုဖြင့် အရှေ့အာရှ အသိုင်းအဝိုင်းဖြစ်ပေါ်ရေးတို့ကို ရှင်းလင်းပြောကြားရာ အာဆီယံ ခေါင်းဆောင်များက ပြန်လည်ဆွေးနွေး အမြင်ချင်းဖလှယ်ကြပြီး အာဆီယံ–ဂျပန် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် လိုအပ်သည်များကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်က ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ အရှေ့အာရှ အသိုင်းအဝိုင်းတစ်ခု လက်တွေ့ ဖြစ်ပေါ်လာနိုင်ရေးတို့အတွက် လိုအပ်သော ပံ့ပိုးကူညီမှုများ ပြုနိုင်အောင် ညှိနှိုင်းအဖြေရှာသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(၁၀)ကြိမ်မြောက် အာဆီယံ–ဂျပန် ထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးတို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အာဆီယံ+၃

ဆက်လက်၍ အာဆီယံ+၃ ထိပ်သီးအစည်းအဝေးကို ကျင်းပရာ အာဆီယံ ခေါင်းဆောင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယား သမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

ထိပ်သီးအစည်းအဝေးမစတင်မီ အာဆီယံခေါင်းဆောင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ နိုမူဟွန်တို့သည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

(၁၀)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၊ ကိုရီးယားသမ္မတနိုင်ငံသမ္မတတို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

❍ စာမျက်နှာ ၄ မှ

ထိပ်သီးအစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတတို့က အရှေ့အာရှ အသိုင်းအဝိုင်းဖြစ်ပေါ်ရေးအတွက် အာဆီယံ+၃ နိုင်ငံတို့က အဓိကဦးဆောင်ကြိုးပမ်းလှုပ်ရှားလျက်ရှိကြောင်း၊အာဆီယံ+၃ ပေါင်းစည်းဖြစ်ပေါ်ရေးအတွက် မိမိတို့နိုင်ငံများက နိုင်ငံအလိုက် ပံ့ပိုးအထောက်အကူပြုလျက်ရှိကြောင်းဖြင့် အသီးသီး ရှင်းလင်းပြောကြားကြရာ အာဆီယံခေါင်းဆောင်များကလည်း အာဆီယံ+၃ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ကိုရီးယားကျွန်းဆွယ်ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းရေး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ မြေအောက်သဘာဝ ရေနံအရင်းအမြစ်များကို မကုန်ဆုံးနိုင်သော ဇီဝလောင်စာများဖြင့် ပေါင်းစပ်အစားထိုးသုံးစွဲရေး၊ လွတ်လပ်သောကုန်သွယ်ရေးဒေသဖြစ်ပေါ်ရေး၊ အာဆီယံဒေသအတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ နိုင်ငံအချင်းချင်းအကြား ဖွံ့ဖြိုးမှု၊ ကွာဟမှုများလျှော့ချရေး၊ အရှေ့အာရှ အသိုင်းအဝိုင်းအဖြစ် တက်လှမ်းနိုင်ရေး၊ ကူးစက်ရောဂါဆိုးများ တိုက်ဖျက်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတို့နှင့် စပ်လျဉ်းသည့်အခြေအနေများကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးကို ည ၇နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၈

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၁၀ရက် ညနေပိုင်းတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့ရှိ Shangri-La’s Hotel ၌ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အယ်လ်ဘတ်တိုဂျီရိုမူလိုအား တွေ့ဆုံခဲ့ပြီး အာဆီယံရေးရာနှင့် နှစ်နိုင်ငံဆက်ဆံရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ညပိုင်းတွင် ဝန်ကြီးသည် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများနှင့် မဲခေါင်၊ ဂင်္ဂါ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးအဆင့် အစည်းအဝေး တက်ရောက်စဉ်။

(သတင်းစဉ်)

ဝန်ကြီးသည် ဇန်နဝါရီ ၁၁ရက်တွင် Shangri-La’s Hotel ၌ကျင်းပသည့် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေး၊အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ-ဂျပန် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ အာဆီယံ-ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ-အိန္ဒိယနိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့်အပြင် အာဆီယံ+၃ နိုင်ငံခြားရေး ဝန်ကြီးများ နေ့လယ်စာစားပွဲသို့ လည်းကောင်း၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးက တည်ခင်းသော ညစာစားပွဲသို့လည်းကောင်း တက်ရောက်ခဲ့သည်။

ဝန်ကြီးသည် ဇန်နဝါရီ ၁၂ရက်တွင် Shangri-La’s Hotel ၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး Dr. Hassan Wirayuda အား တွေ့ဆုံခဲ့ပြီး ယင်းဟိုတယ်၌ကျင်းပသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ဗီယက်နမ်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်၍ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည် ညှိနှိုင်းသုံးသပ်ခဲ့သည်။

ထို့အပြင် ဝန်ကြီးသည် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့် တီမောလက်(စ်)တေနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးတို့တွေ့ဆုံပွဲသို့ လည်းကောင်း၊ မဲခေါင်၊ ဂင်္ဂါပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးအဆင့် အစည်းအဝေးသို့ လည်းကောင်း တက်ရောက်ခဲ့သည်။

ဝန်ကြီးသည် ဇန်နဝါရီ ၁၃ရက်တွင် Shangri-La’s Hotel ၌ တီမောလက်(စ်)တေနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့က အာဆီယံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်မည့်နည်းလမ်း လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အာဆီယံချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

(သတင်းစဉ်)

တာမွေမြို့နယ် အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုး အစီအစဉ်ကို ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက် စုရပ်(၁၅)တွင် ဇန်နဝါရီ ၁၆ ရက်က ကျင်းပရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးအောင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အတွင်းရှိ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် မြို့နယ်ကျန်းမာရေးမှူး(၁) ဦးခင်မောင်မြင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁-၂၀၀၇ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	အဘိဓမ္မာနှင့်ဝိပဿနာ တရားတော် (သီတဂူဆရာတော်) (အပိုင်း-၁)
၈း၀၅	အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ အသုံးချ အဘိဓမ္မာသင်တန်း (အင်္ဂလိပ်ဘာသာ)
၈း၄၀	ပြည်တွင်းသတင်းအကျဉ်း
၈း၅၀	Myanmar Video Rhythm
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	ပြည်ပဝင်ငွေတိုးစေဖို့ သားငါးကဏ္ဍမြှင့်တင်စို့
၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀	The Game Guide (Spider Man) (အပိုင်း-၂)
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	နွဲ့နှောင်းလှပမြန်မာ့အက (အပိုင်း-၂)
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	မိုးလေဝသခန့်မှန်းချက်
၁၁း၀၀	Celebrity Profile (ချစ်သုဝေ၊ ချစ်ဆုဝေ)
၁၁း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း)
၁၂း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၂း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၀	တစ်ကျော့ပြန်တီဘီ (အပိုင်း-၂) (ဒေါက်တာဇေစိုး)
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက်၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့် သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၈

ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဖိလစ်ပိုင်သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် ဇန်နဝါရီ ၁၆ရက် နံနက် ၁၁နာရီ ၁၅မိနစ်တွင် ခေတ္တတည်းခိုသည့် စီးဘူးမြို့ရှိ Shangri-La 's Mactan Island Resort Hotelမှ စီးဘူးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ စီးဘူးပြည်နယ်အုပ်ချုပ်ရေးမှူး Ms. Gwendolyn Garcia၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဌာနအကြီးအကဲ Mr. Jerril Santos နှင့် တာဝန်ရှိသူများ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသောင်းထွန်းနှင့် သံရုံးအဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

ဂုဏ်ပြုနှုတ်ဆက်

ထို့အပြင် နိုင်ငံတော်ဝန်ကြီးချုပ် အထူးလေယာဉ်သို့တက်ရောက်နေစဉ် ဖိလစ်ပိုင်ရိုးရာယဉ်ကျေးမှု အတီးအမှုတ်၊ အကအခုန်တို့ဖြင့်လည်း ဂုဏ်ပြုနှုတ်ဆက်ကြသည်။

ထပ်မံပြန်လည်နှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပို့ဆောင်နှုတ်ဆက်ကြသူများအား ထပ်မံပြန်လည်နှုတ်ဆက်ကြပြီး အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် မြန်မာနိုင်ငံ နေပြည်တော်သို့ ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက စီးဘူးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးစိုးသာ အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အိန္ဒိယ၊ ကိုရီးယား၊ ဂျပန်နိုင်ငံတို့မှ ဝန်ကြီးများ ညှိနှိုင်းဆွေးနွေးမှု အစည်းအဝေးများသို့ တက်ရောက်

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးတို့ ညှိနှိုင်းဆွေးနွေးမှု အစည်းအဝေး တက်ရောက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၈

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် ဇန်နဝါရီ ၁၀ရက်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့ရှိ Shangri-La's Hotel၌ ကျင်းပသော အာဆီယံစီးပွားရေးဝန်ကြီးများ၏ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီး ဦးစိုးသာသည် ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ညှိနှိုင်းဆွေးနွေးမှုအစည်းအဝေး (AEM-India Consultation) သို့ ပါဝင်တက်ရောက်ခဲ့သည်။

ထို့အပြင် ဝန်ကြီး ဦးစိုးသာသည် ညနေ ၄ နာရီခွဲတွင် အာဆီယံစီးပွားရေး ဝန်ကြီးများနှင့် ကိုရီးယားသမ္မတနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးတို့ ညှိနှိုင်း ဆွေးနွေးမှုအစည်းအဝေး (AEM-Korea Consultation) သို့ ပါဝင်တက်ရောက်ခဲ့သည်။

ညပိုင်းတွင် ဝန်ကြီး ဦးစိုးသာသည် အာဆီယံ+၃ အလုပ်သဘော ညစာစားပွဲသို့ အာဆီယံ စီးပွားရေးဝန်ကြီးများ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

ဝန်ကြီး ဦးစိုးသာသည် ဇန်နဝါရီ ၁၂ရက် နံနက် ၈နာရီခွဲတွင် Shangri-La's Hotel, Nactab ၌ ကျင်းပသော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံ စီးပွားရေးဝန်ကြီးများနှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးတို့ ညှိနှိုင်းဆွေးနွေးမှု အစည်းအဝေး(CLMV METI Consultations) သို့ တက်ရောက်ခဲ့သည်။ (သတင်းစဉ်)

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်) အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၃၀)ပြည့် ပုလဲရတု နှစ်ပတ်လည်အစည်းအဝေး၊ သာသနာတော်ဆိုင်ရာ ဂုဏဝိသိဋ္ဌပူဇာပွဲ၊ သက်ကြီးပူဇော်ပွဲ ပညာရည်ချွန်ဆုပေးပွဲနှင့် အသင်းရုံးသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် အင်းစိန်မြို့နယ် အောင်ဆန်းမြို့ စဥ့်ငူရပ်ကွက် တောရတပ်ဦးကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များနှင့် မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ဖေဖော်ဝါရီ ၁၈ ရက်တွင် လေးမျက်နှာမြို့သို့ သွားရောက်ကျင်းပမည့် ကျောင်းထိုင်ဆရာတော်ကြီးများအား သင်္ကန်းနှင့် ပစ္စည်းလေးပါးကပ်လှူပွဲတွင် ပါဝင်လိုက်ပါလှူဒါန်းလိုသူများနှင့် အမှတ်စာရင်းပေးပို့လိုသော ဂုဏ်ထူးရ သားသမီးများသည် ဦးကြီးမြင့်(ဒု-ဥက္ကဋ္ဌ) ဖုန်း–၆၅၁၆၉၃၊ ဦးမောင်မောင်သွင်(အတွင်းရေးမှူး) ဖုန်း–၅၁၃၄၃၈၊ ဦးသောင်း ဖုန်း–၆၈၅၄၄၀၊ ၇၀၅၅၉၀၊ ဆုတခွန်းတိုက် ဖုန်း–၅၂၆၀၀၆၊ လေးမျက်နှာ စံစံသင်္ကန်းတိုက် ဟသ်ာတ ဖုန်း–၀၄၄–၂၁၈၆၅၊ ဒေါ်ခင်သန်းနွယ် ဟသ်ာတ ဖုန်း–၀၄၄–၂၁၇၇၉ နှင့် ဒက္ခိဏာရုံကျောင်းတိုက် လေးမျက်နှာ ၀၄၄–၂၂၂၂၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဇန်နဝါရီ ၁၈ရက်က ထိုင်းဘုရင့်တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဟန်စိန်အား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ စစ်သံမှူး Colonel Prissapa Suvanatat **ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

အထူးဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၂၀ ရက်မှ ၂၉ ရက်အထိ နေ့စဉ်နံနက် ၈နာရီမှ ည ၈နာရီအတွင်း ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ပန်းဥယျာဉ်နှင့် အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းမျိုးစုံကို မည်သူမဆို လာရောက် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၇ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် စစ်ကိုင်းတိုင်း လဟယ်မြို့၌ ကျင်းပ
နိုင်ငံပေါင်းစုံမှ ကမ္ဘာလှည့်ခရီးသည်များနှင့် တိုင်းရင်းသားများ တက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၁၈

၂၀၀၇ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၁၅ရက် နံနက် ၉နာရီတွင် စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့ ရိုးရာအားကစားကွင်း၌ပြုလုပ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ဗဟိုအလုပ်အမှုဆောင် (စစ်ကိုင်းတိုင်းတာဝန်ခံ) သူရဦးအေးမြင့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဗဟိုအလုပ်အမှုဆောင် သူရဦးအောင်ကို၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နာဂရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဝင်များ၊ ပွဲတော်ကျင်းပရေး ကော်မတီဝင်များ၊ နာဂတိုင်းရင်းသား အကြီးအကဲများ၊ ခန္တီး၊ ဟုမ္မလင်း၊ လေရှီး၊ နန်းယွန်း၊ လဟယ်မြို့တို့မှ နာဂမျိုးနွယ်စု တိုင်းရင်းသားကိုယ်စားလှယ်များ၊ နာဂရိုးရာ ယဉ်ကျေးမှုအကအဖွဲ့ဝင်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း၊ ဒိုင်းမွန်းပဲလေ့စ်ကုမ္ပဏီဉက္ကဋ္ဌနှင့် နိုင်ငံပေါင်းစုံမှ ကမ္ဘာလှည့်ခရီးသည်များနှင့် လဟယ်မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တိုင်းရင်းသားများ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် နာဂရိုးရာယဉ်ကျေးမှုဗဟို ကော်မတီဝင် လဟယ်မြို့မှ ဦးဝါလိုကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် နာဂရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဝင်များဖြစ်ကြသော ခန္တီးမြို့နယ်မှ ဦးမင်ယောင်၊ လေရှီးမြို့နယ်မှ ဦးလာသော်ကဲ၊ နန်းယွန်းမြို့နယ်မှ ဦးရဲအောင်၊ ပန်ဆောင်မြို့နယ်ခွဲမှ ဦးဟာဝန်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးများက ၂၀၀၇ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ဖွင့်လှစ်ကြောင်းကြေညာပြီး တက်ရောက်လာကြသော ပရိသတ်အပေါင်းက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ဆက်လက်၍ သဘာပတိ ဦးဝါလိုက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ရဲ့ ရည်ရွယ်ချက်ကိုကြည့်မည်ဆိုလျှင်-

(၁) တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အထောက်အကူပြုနိုင်ရန်အတွက် နာဂတိုင်းရင်းသားများမှ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရေး၊

(၂) ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်၊

(၃) မိမိတို့ ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက် အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နိုင်ငံတော်က ချမှတ်ထားတဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်ကိုလည်း တက်တက်ကြွကြွ ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်

ဆိုသည့် ရည်ရွယ်ချက်များနှင့် ကျင်းပနေသည်ကို တွေ့ရမှာဖြစ်ကြောင်း။

နာဂတိုင်းရင်းသား အများစုဟာ ခန္တီး၊ လေရှီး၊ လဟယ်၊ နန်းယွန်းဒေသတွေမှာနေထိုင်ကြပါတယ်။ ယခင်က နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို မိမိတို့မျိုးနွယ်စုကျေးရွာအလိုက် ကျင်းပလေ့ရှိကြပါတယ်။ တပ်မတော်အစိုးရ တာဝန်ယူပြီးတဲ့ ၁၉၈၈ခုနှစ်နောက်ပိုင်းမှာ ယခုကဲ့သို့ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နိုင်ငံတော်က ဦးစီးကျင်းပသည့်အတွက် တိုင်းရင်းသားမျိုးနွယ်စု တစ်စုနှင့်တစ်စုသာမက နိုင်ငံအတွင်းမှာ စုစည်းနေထိုင်ကြသည့် တိုင်းရင်းသားညီရင်းနောင်ဘွားများနှင့်လည်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာခဲ့ကြောင်း၊ ယခုကဲ့သို့ ဒေသတွင်းတည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုင်းရင်းသား ချစ်ကြည်ရင်းနှီးမှုတို့ကို နိုင်ငံတကာသို့လည်း သိရှိအောင် ဖော်ဆောင်နိုင်ခဲ့သည့် အကျိုးကျေးဇူးများ ရရှိနိုင်ခဲ့သည်ကို တွေ့မြင်ကြရမှာ ဖြစ်ကြောင်း။

နိုင်ငံတော်အနေနှင့် တိုင်းနှင့်ပြည်နယ်အားလုံး ဘက်စုံကဏ္ဍစုံက ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးရာတွင် အထူးဒေသကြီး၂၄ခု၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများချမှတ်ပြီး အစီအစဉ်ရှိရှိ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့၏ ညီအစ်ကိုများနေထိုင်ရာ နာဂဒေသကိုလည်း ဖွံ့ဖြိုးတိုးတက်မှုရှိလာစေရန် အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

၂၀၀၇ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး အမှာစကား ပြောကြားစဉ်။ (လယ်/ဆည်)

ဒေသဖွံ့ဖြိုးတိုးတက်ရန်ဆိုသည်မှာလည်း တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရန်လိုအပ်ခြင်းကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက

"တို့တိုင်းပြည် ခေတ်နောက်ကျကျန်ခဲ့ခြင်းဟာ လွတ်လပ်ရေးနဲ့အတူ ဖြစ်ပေါ်လာတဲ့ ပြည်တွင်းပဋိပက္ခတွေကြောင့် ဖြစ်တယ်ဆိုတာ မေ့ပစ်လို့မရတဲ့ သင်ခန်းစာဖြစ်တယ်၊ တို့လက်ထက်မှာ အမျိုးသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပြီး ပြည်ထောင်စုကြီးတစ်ခုလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြလို့ ယနေ့နိုင်ငံတော်မှာ အခြေအနေကောင်းတွေ ရရှိလာတာဖြစ်တယ်။ ဒါ့ကြောင့် ပြည်တွင်းပဋိပက္ခတွေ အစဉ်ထာဝရ ချုပ်ငြိမ်းသွားဖို့လိုတယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာပါက သမဂ္ဂါနံ တပေါသုခေါ - ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာသုခကို ရစေသည်ဆိုတဲ့ ဆိုရိုးစကားအတိုင်း တို့နိုင်ငံသားတွေဟာ အန္တရာယ်ကင်းဘေးရှင်းပြီး အေးချမ်းလုံခြုံမှုကို ရကြမှာဖြစ်တယ်"

ဟု လမ်းညွှန်ခဲ့ကြောင်း။

မိမိတို့ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်အကြီးအကဲ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအပေါ် အခြေပြုထားသည့် မှန်ကန်မွန်မြတ်သော စေတနာကို သိမြင်လာကြသည့် တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းအချို့မှာ နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နေရာဒေသအသီးသီးမှာ အင်တိုက်အားတိုက် ပါဝင်ဆင်နွှဲနေကြပြီဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းတိုင်းမှာလည်း အားရကျေနပ်ဖွယ် ပူးပေါင်းဆောင်ရွက်နေကြပြီး ဘယ်ခေတ်ဘယ်အခါကမှမရရှိခဲ့တဲ့ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတွေကို ရရှိခံစားနေကြရပြီဖြစ်ကြောင်း၊ ရရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတွေကို ရေရှည်တည်တံ့အောင်၊ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းနေကြပြီဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းက နာဂတောင်တန်းဒေသများသို့ နှစ်သစ်ကူးလက်ဆောင်အဖြစ် ပေးအပ်သော ရုပ်မြင်သံကြားဖမ်းစက်များ၊ လေရဟတ်များ၊ အမိုးသွပ်ပြားများ၊ ဖြောင်သွပ်များ၊ ရေသွယ်ပိုက်မျိုးစုံ၊ ပေါက်ပြားများ၊ ပေါက်ချွန်းများနှင့် အဝတ်အထည်အထုပ်ကြီးများကို နိုင်ငံတော် ဝန်ကြီးချုပ် ကိုယ်စား ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နာဂရိုးရာ ယဉ်ကျေးမှုအဖွဲ့ ဗဟိုကော်မတီ နာယက ဦးလှဖေထံ ပေးအပ်စဉ်။ (လယ်/ဆည်)

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရက နာဂဒေသအပါအဝင် ဒေသအားလုံးအတွက် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် စေတနာထား ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်ကို မြင်တွေ့သိရှိ ခံစားနေကြရပြီဖြစ်သည့်အတွက် အခုကဲ့သို့ အချိန်အခါကောင်းမှာ နာဂတိုင်းရင်းသား ပြည်ထောင်စုဖွားများအနေနှင့် ပြည်တွင်းမှာတည်ရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းသာယာရေး၊ စည်းလုံးညီညွတ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း၊ အခြေခံကောင်းများကို အစဉ်ထာဝရ တည်တံ့ခိုင်မြဲ တိုးပွားစေအောင် နိုင်ငံတော်နှင့် လက်တွဲခိုင်ခိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင်လည်း နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားကြပါဟု ပြောကြားသွားသည်။

ဆက်လက်၍ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်က အမှာစကားပြောကြားသည်။

ထို့နောက် နာဂတိုင်းရင်းသူ ဒေါ်ဆန်းစစ်ရှီးက နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့်စပ်လျဉ်း၍ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နှစ်သစ်ကူးလက်ဆောင်ပေးအပ်ခြင်းအစီအစဉ်ကို ပြုလုပ်ရာ ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား နာဂရိုးရာယဉ်ကျေးမှုအဖွဲ့ ဗဟိုကော်မတီနာယက ဦးလှဖေက နှစ်သစ်ကူးဂါရဝပြု လက်ဆောင်အဖြစ် နာဂရိုးရာယဉ်ကျေးမှုခြုံထည်ကို လွှမ်းခြုံပေးသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (စစ်ကိုင်းတိုင်းတာဝန်ခံ) သူရဦးအေးမြင့်အား နာဂအကြီးအကဲ ဦးဟတ်ထိက နှစ်သစ်ကူးဂါရဝပြု လက်ဆောင်အဖြစ် နာဂရိုးရာခြုံထည်ကို လွှမ်းခြုံပေးသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများအား နာဂတိုင်းရင်းသားအကြီးအကဲများက နှစ်သစ်ကူးဂါရဝပြုလက်ဆောင်အဖြစ် နာဂရိုးရာခြုံထည်များကို လွှမ်းခြုံပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက နာဂတောင်တန်းဒေသများသို့ နှစ်သစ်ကူးလက်ဆောင်အဖြစ်ပေးအပ်သော ရုပ်မြင်သံကြားဖမ်းစက်ခုနစ်လုံး၊ လေရဟတ် ၁၅ ခု၊ အမိုးသွပ် ၅၉၄ ချပ်၊ ဖြောင်သွပ် ၂၃ ချပ်၊ ရေသွယ်ပိုက်မျိုးစုံ ၂၂၅လုံး၊ ပေါက်ပြားအလက် ၁၀၀၀၊ ပေါက်ချွန်းအလက် ၂၀၀၊ အဝတ်အထည်အထုပ်ကြီး ၁၅ထုပ်တို့ကို နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပေးအပ်ရာ နာဂရိုးရာယဉ်ကျေးမှုအဖွဲ့ ဗဟိုကော်မတီ နာယက ဦးလှဖေက လက်ခံသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ပေးပို့လှူဒါန်းသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်အဆူ ၂၀၀နှင့် ဂြိုဟ်တုစလောင်းလေးစုံကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (စစ်ကိုင်းတိုင်းတာဝန်ခံ) သူရဦးအေးမြင့်က ပေးအပ်လှူဒါန်းရာ နာဂအကြီးအကဲ ဦးဟတ်ထိကလက်ခံသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပေးပို့လှူဒါန်းသော ရေဒီယိုကက်ဆက် ၁၅လုံးနှင့် စောင်တဘက် အထည် ၂၀တို့ကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက စောင်အထည် ၃၅၀နှင့် ရုပ်မြင်သံကြားဖမ်းစက်နှစ်လုံးကိုလည်းကောင်း၊ အသင်းဗဟိုအလုပ်အမှုဆောင် စစ်ကိုင်းတိုင်းတာဝန်ခံ သူရဦးအေးမြင့်က ဆားပိသာ ၂၂၅၀၊ စောင် ၂၁၅ထည်၊ ပြည်ခိုင်ဖြိုးလုံချည်အထည် ၁၅၀၊ ဗလာစာအုပ်ဒါဇင် ၂၀၀၊ ဘော်လီဘောပိုက်၊ ခြင်းလုံးပိုက်၊ ဘောလုံး၊ ဘော်လီဘော၊ ခြင်းလုံး၊ လေရဟတ်တို့ကိုလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ရုပ်မြင်သံကြားဖမ်းစက်လေးလုံး၊ ရေဒီယိုအလုံး ၅၀၊ စာရေးကိရိယာဒါဇင် ၅၀နှင့် ခရီးဆောင်အိပ်ရာလိပ် ၁၀လုံးတို့ကိုလည်းကောင်း၊ အသင်းဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ဆေးမျိုးစုံနှင့် အနွေးစောင်များကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ နာဂရိုးရာအကြီးအကဲများက လက်ခံကြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ပေးပို့လှူဒါန်းသော ဆားပိသာ ၉၀၀၀၊ စောင်အထည် ၆၀၀၊ စားအုန်းဆီ ၁၁၆ပိသာ၊ ဆန်အိတ် ၂၀၀၊ ဗလာစာအုပ် ၇၈၁ဒါဇင်၊ သင်္ကန်း၊ ဘုန်းတော်ကြီးစီးဖိနပ်၊ ခေါက်ဆွဲခြောက်၊ ဘောင်းဘီစ၊ ကုလားပဲ၊ ကြာဆံ၊ အထပ်သား၊ ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ ငါးခြောက်မှုန့်တို့ကို တိုင်းမှူးကိုယ်စား ဗိုလ်မှူးချုပ်ကျော်ဦးလွင်က ပေးအပ်လှူဒါန်းရာ လဟယ်မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းကလက်ခံသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✡

မြန်မာနိုင်ငံတွင် ပဋိပက္ခကင်းကင်း ဖြူစင်သောစိတ်ရင်းဖြင့် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ လွတ်လပ်စွာ ဆောင်ရွက်လျက်ရှိသည်

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ပါဝင်စွက်ဖက်ခြယ်လှယ်နိုင်ရေးအတွက် အမေရိကန်နှင့် ဗြိတိန်တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံအား လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် (Resolution) ချမှတ်အရေးယူရန် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် မူကြမ်းတင်သွင်းခဲ့သည်။ အမေရိကန်အစိုးရ၏ ယင်းလုပ်ရပ်ကို ပြည်တွင်းရှိ NLD ပါတီက ကြိုဆိုထောက်ခံကြောင်း အထူးကြေညာချက်အဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။ ပြည်ပရှိ အမျိုးသားသစ္စာဖောက် ပြည်ပြေး၊ အကြမ်းဖက်သောင်းကျန်းသူများကလည်း ၎င်းတို့ဆရာအလိုကျ ဝမ်းသာအားရ ကြိုဆိုခဲ့ကြသည်။

ဆိုရလျှင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို မည်သို့မျှ ထိခိုက်စေနိုင်သည့် အခြေခံအကြောင်းတရား စိုးစဉ်းမျှမရှိပေ။ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် အမေရိကန်နှင့် ယင်း၏သြဇာခံ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အလိုကျ ဝင်ရောက်စွက်ဖက်ခြယ်လှယ်၍ မရခြင်းကသာ အခြေခံအကြောင်းတရားဖြစ်နေသည်။

မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ၏ ရင်ဆိုင်ရမြဲဖြစ်သော အခက်အခဲ ပြဿနာများရှိပါသည်။ သို့သော် ဒေသတွင်းနှင့် နိုင်ငံတကာ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်နိုင်သည့် အခက်အခဲ ပြဿနာများမဟုတ်ပေ။ အမေရိကန်အစိုးရ၊ ယင်း၏သြဇာခံ ပြည်ပြေး၊ အကြမ်းဖက်သောင်းကျန်းသူများနှင့် ပြည်တွင်းရှိ NLD ပါတီတို့က မြန်မာနိုင်ငံအား နယ်ချဲ့သြဇာခံကျွန်နိုင်ငံအဖြစ် သိမ်းသွင်းရေးအတွက် လုပ်ကြံဖန်တီးမှုများပင် ဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ငင်းဖြစ်ပေါ် ပြောင်းလဲတိုးတက်နေသော အမျိုးသားနိုင်ငံရေး အခြေအနေသည် အမေရိကန်အစိုးရနှင့် ပြည်တွင်းပြည်ပ အဖျက်သမားတို့၏ မျှော်မှန်းချက်ဖြစ်သည့် မြန်မာနိုင်ငံတွင် ရုပ်သေးအစိုးရ ဖွဲ့စည်းရေးနှင့်အတူ မြန်မာနိုင်ငံအား နယ်ချဲ့သြဇာခံ၊ လက်ဝေခံ လက်သစ်ကျွန်နိုင်ငံ တည်ထောင်ရေးဟူသော ကျွန်ပြုရေးစီမံကိန်းကို ပြိုကျပျက်စီးစေခဲ့သည်။ ယင်းပြိုကျပျက်စီးနေသော ကျွန်ပြုရေးစီမံကိန်းကို အဖတ်ဆယ်ရန်နိုးနိုးဖြင့် အမေရိကန်နှင့် အပေါင်းပါတို့က လုံခြုံရေးကောင်စီကို ခုတုံးလုပ်အသုံးချပြီး မြန်မာနိုင်ငံပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန် ကောက်ကျစ်စဉ်းလဲစွာ လုပ်ကြံနေခြင်းဖြစ်သည်။

မည်သို့ဆိုစေ အမှန်နှင့်အမှား၊ တရားမှုနှင့်မတရားမှု၊ ဓမ္မနှင့်အဓမ္မ၊ အဖြောင့်နှင့်အကောက်၊ အဖြူနှင့်အမည်း ကွဲပြားဆန့်ကျင်သိသာ ထင်ရှားသော လောကနိယာမတရားအရ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့ လုံခြုံရေးကောင်စီ အစည်းအဝေးတွင် အမေရိကန်နှင့် ဗြိတိန်တို့၏ အဆိုပြုချက်မူကြမ်းအား မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို နားလည်စာနာလေ့လာသိရှိထားသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာဖြင့် ပယ်ချခဲ့ကြသည်။ ဤသည်မှာ မြန်မာတိုင်းရင်းသား ပြည်သူတို့၏ အမျိုးသားနိုင်ငံရေး ဖြစ်ထွန်းတိုးတက်မှုအတွက် မြန်မာပြည်သူတို့ ဘက်မှ စာနာနားလည်ယုံကြည်စွာ တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့က အခိုင်အမာ ရပ်တည်ထောက်ခံလိုက်ခြင်းဖြစ်သည်။

စင်စစ် အမေရိကန်နှင့် ဗြိတိန်တို့ ပူးပေါင်းတင်ပြသော ဆုံးဖြတ်ချက်မူကြမ်းသည် မြန်မာနိုင်ငံ၏ ပကတိအရှိတရားများနှင့် လုံးလုံးလျားလျား ကွာခြားဆန့်ကျင်နေကြောင်း လေ့လာသိရှိနိုင်သည်။ ယင်းတို့အနက် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ကန့်သတ်ချက်မရှိဘဲ ဆောင်ရွက်နိုင်ရေးကို မြန်မာအစိုးရက ခွင့်ပြုရန်ဟူသောဖော်ပြချက်သည် မြန်မာနိုင်ငံအစိုးရ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်ချက်များကို မျက်ကွယ်ပြုပြီး မရောင်ရာဆီလူးကာ ပုတ်ခတ်စွပ်စွဲခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတကာ၏ နှောင်ကြိုးမဲ့ အကူအညီ အထောက်အပံ့များကို အမြဲတစေ တံခါးဖွင့်လက်ကမ်းကြိုဆိုလျက်ရှိသည်မှာ အထူးဖော်ပြရန်ပင် မလိုအပ်ပေ။ သို့သော်လည်း ယင်းအကူအညီ အထောက်အပံ့ဟူသမျှသည် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်အဟန့်အတားမဖြစ်စေရန်နှင့် ပဋိပက္ခများကင်းရှင်းရန် လိုအပ်သည်။ နိုင်ငံတကာပြည်သူတို့၏ ဖြူစင်ရိုးသားရှင်းသန့်သော စေတနာကိုအခြေခံသည့် အကူအညီ အထောက်အပံ့များသာ ဖြစ်သင့်သည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ ကုလသမဂ္ဂအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)၊ကုလသမဂ္ဂပညာရေး၊သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(UNESCO)၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ (ICRC) စသော ကျန်းမာရေးဆိုင်ရာ၊ အမျိုးသမီးရေးရာ၊သိပ္ပံနှင့်ယဉ်ကျေးမှုဆိုင်ရာ၊ အလုပ်သမားရေးရာအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆက်စပ်ပြီး လူသားချင်းစာနာထောက်ထားမှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းအဖွဲ့အစည်းများအား မြန်မာနိုင်ငံအတွင်း ရုံးများ ဖွင့်လှစ်ဆောင်ရွက်ခွင့် ပြုပြီးဖြစ်သည်။

မောင်လေ့လာ

မြန်မာနိုင်ငံအစိုးရသည် ကုလသမဂ္ဂ၏ထောင်စုနှစ် ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုထားသော နိုင်ငံလည်းဖြစ်သည်။ ယင်းထောင်စုနှစ်ရည်မှန်းချက်များအနက် ရည်မှန်းချက်(၆) ဖြစ်သော HIV/AIDS၊ ငှက်ဖျားနှင့် အခြားကူးစက်ရောဂါများ တိုက်ဖျက်ရေးလုပ်ငန်းကို မြန်မာနိုင်ငံသည် အမျိုးသားကျန်းမာရေး အစီအစဉ်ဖြင့် ဆောင်ရွက်နေသကဲ့သို့ ကုလသမဂ္ဂအဖွဲ့အစည်းများဖြင့်လည်းကောင်း၊ 3D Fund အစီအစဉ်ဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။ HIV/AIDS ရောဂါ ဖြစ်ပွားမှုနှုန်းမှာ ယေဘုယျအားဖြင့် ကျဆင်းလာသည်ကို လေ့လာတွေ့ရှိရသည်။ ငှက်ဖျားရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုမှာလည်း ကျဆင်းလျက်ရှိပြီး တီဘီရောဂါတိုက်ဖျက်ရေးတွင်လည်း အောင်မြင်မှုရရှိနေကြောင်း လေ့လာတွေ့ရှိနိုင်သည်။

မြန်မာနိုင်ငံ၏ HIV/AIDS ရောဂါတိုက်ဖျက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂ အေအိုင်ဒီအက်စ် အစီအစဉ် (UNAIDS) တို့ ပူးတွဲထုတ်ဝေသော AIDS Epidemic Update, December 2006မှ ဖော်ပြချက်ကို ရည်ညွှန်းကိုးကားရလျှင် မြန်မာနိုင်ငံတွင် HIV/AIDS ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်းကျဆင်းလာသည်ကို လေ့လာသိရှိရသည်။ ကိုယ်ဝန်ဆောင်မိခင်များအတွင်း ဖြစ်ပွားနှုန်းမှာ ၂၀၀၀ ပြည့်နှစ်တွင် ၂ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ယနေ့ကာလတွင် ၁ ဒသမ ၃ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ကြောင်း၊ အမျိုးသားကာလသားရောဂါဝေဒနာရှင်များအကြားတွင်လည်း ၂၀၀၁ ခုနှစ်တွင် ၈ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် ၄ရာခိုင်နှုန်းကျဆင်းသွားခဲ့ကြောင်း ဖော်ပြထားသည်။

ထို့အတူပင် တီဘီရောဂါအနေဖြင့်လည်း ၁၉၈၈ ခုနှစ်တွင် ဝေဒနာရှင် ၉၃၄၈ဦး တွေ့ရှိရပြီး ၇၄၇၈ဦးကို ကုသအောင်မြင်ခဲ့သည်။ ၂၀၀၅ခုနှစ်တွင် တီဘီရောဂါဝေဒနာရှင်ပေါင်း ၁၀၇၉၃ဦးအနက် ၉၀၇၉၉ ဦးကို ကုသအောင်မြင်ခဲ့သည်။ ငှက်ဖျား ရောဂါအနေဖြင့်လည်း ၁၉၉၀ ပြည့်နှစ်မှ စတင်ကျဆင်းလာခဲ့ရာ ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်းမှာ ၁၉၈၈-၈၉ခုနှစ်က လူဦးရေတစ်ထောင်လျှင် ၂၄ ဒသမ ၅ ဦးရှိရာမှ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ၁၄ ဦး၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၁၁ဦး၊ ၂၀၀၅-၂၀၀၆ခုနှစ်တွင် ၉ ဒသမ ၃ ဦးဖြစ်ပြီး သေဆုံးမှုနှုန်းမှာ ၁၉၈၈-၈၉ခုနှစ်တွင် လူဦးရေ တစ်သိန်းတွင် ၁၀ ဒသမ ၄ဦးရှိခဲ့ရာမှ ၂၀၀၃-၂၀၀၄ခုနှစ်တွင် ၄ ဒသမ ၇ဦး၊၂၀၀၄-၂၀၀၅ခုနှစ်တွင် ၃ဒသမ ၆၅ဦး၊ ၂၀၀၅-၂၀၀၆ခုနှစ်တွင် ၃ ဒသမ ၁ဦးထိ ကျဆင်းခဲ့သည်။ ငှက်ဖျားရောဂါသည် ကပ်ရောဂါအသွင်ဖြင့် ယခင်က မြန်မာနိုင်ငံတွင် (၁၂)ကြိမ်ခန့် ဖြစ်ပွားခဲ့သော်လည်း ယနေ့ကာလတွင် ကပ်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားနိုင်သဖြင့် ၂၀၀၂ ခုနှစ်တွင် နှစ်ကြိမ်၊ ၂၀၀၅ခုနှစ်တွင် တစ်ကြိမ်သာ ဖြစ်ပွားခဲ့သည်။

ယင်းသို့ ရောဂါဖြစ်ပွားနှုန်းများကျဆင်းပြီး ရောဂါကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လာခြင်းမှာ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအပါအဝင် အခြားသော NGO အဖွဲ့အစည်းများက လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို နိုင်ငံအတွင်း လွတ်လပ်စွာ ဆောင်ရွက်အကောင်အထည်ဖော်မှု၏ ရလဒ်များဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော အဓိကရောဂါကြီးသုံးမျိုးဖြစ်သည့် AIDS၊ တီဘီနှင့်ငှက်ဖျားရောဂါများ ကာကွယ်ကုသရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန် ကမ္ဘာလုံးဆိုင်ရာ AIDS၊ တီဘီနှင့်ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်း ရန်ပုံငွေအဖွဲ့ (Global Fund)က ငါးနှစ်ကာလအတွင်း အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၄သန်း ထောက်ပံ့ကူညီမည်ဟု ကမ်းလှမ်းအဆိုပြုဆောင်ရွက်ခဲ့သည်။ သို့ရာတွင် နိုင်ငံရေးပဋိပက္ခများ ရောယှက်လာပြီး ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ သွေးထိုးသပ်လျှိုလှုံ့ဆော်မှုများကြောင့် ၂၀၀၅ခုနှစ် ဩဂုတ်လ ၁၈ရက်နေ့တွင် ကြောင်းကျိုးခိုင်လုံမှုမရှိသော

အကြောင်းပြချက်များဖြင့် Global F
ရုပ်သိမ်းခဲ့သည်။ ဤသို့ ရန်ပုံငွေကို
မြန်မာပြည်သူတို့အပေါ် လူသားချင်း
ပေးမှုအား ပြည်တွင်းပြည်ပ အဖျက်သ
ကန့်ကွက်နေ၍ ဖြစ်သည်။ မြန်မာနိုင်ငံ
ပေးမှုလုပ်ငန်းနှင့် ပတ်သက်ပြီး မ
မရှိခဲ့ပေ။ ယင်းသို့ Global Fund က
အကူအညီပေးမှုလုပ်ငန်းအား တစ်ဖက်
သည် မြန်မာတိုင်းရင်းသားပြည်သူမျ
ကုလသမဂ္ဂ၏ ထောင်စုနှစ် ဖွံ့ဖြိုးရေ
နှင့် အခြေခံမူများကိုပါ ဆန့်ကျင်လ

အမှန်အားဖြင့် ကုလသမဂ္ဂအဖွဲ့
ကိုယ်စားလှယ်များသည် နိုင်ငံများတွ
1946 Convention on the privil
United Nations နှင့် 1947 The U
on the privileges and Immuniti
cies စသည့် Convention များအရ
ရရှိပြီး ဖြစ်သည်။

သို့သော်လည်း ယင်း Conven
အစည်းများ၊ ကုလသမဂ္ဂ၏အထူးကို
နိုင်ငံများတွင် လုပ်ငန်းများဆောင်ရွက်
ကင်းလွတ်ခွင့်များကိုသာ ဖော်ပြထား
လမ်းညွှန်နှင့် သဘောသဘာဝချင်း တူ
သောင်းကျန်းသူ အကြွင်းအကျန်များ
သွားလာဆောင်ရွက်ရသော ဒေသအ
အစည်းများမှ ယင်းတို့၏ အစီအစဉ်ဖြ
ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ
လုံခြုံရေးကို စီစဉ်ဆောင်ရွက်ပြီးမှသာ
ခွင့်ပြုခြင်းဖြစ်သည်။ လုံခြုံရေးအစီအစ
အဖွဲ့အစည်းသို့ ရက်သတ္တပတ်နှစ်ပ
ကြားရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံ၏ အကျိုးစီးပွားအ
လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ လုံခြုံ
ပေးရမည့်တာဝန်ရှိသည့်အားလျော်စွာ
ရခြင်းဖြစ်သည်။ ဤသည်ကို ထိန်
ယူဆပါက ယူဆသူ၏ တာဝန်မဲ့မှု၊ အ
အချို့သော အဖွဲ့အစည်းများက ယင်း
နှင့် အစီအစဉ်များအတိုင်း သွားရော
လည်း အချို့သော အဖွဲ့အစည်းများဆို
တွင် မပါဝင်သော ဒေသအချို့သို့သွ
အစဉ်များ ဆောင်ရွက်ခြင်းတို့လည်း

ဤတွင် အလျဉ်းသင့်၍ ဖော်ပြ
အဖွဲ့အစည်းတစ်ခုမှ အကြီးတန်းအ
မေလအတွင်းက မြန်မာနိုင်ငံ မြောက်
သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်း
သွားရောက်လိုသော နေရာဒေသအာ
သက်ဆိုင်ရာဝန်ကြီးဌာနက ကြိုတင်
ယင်း ပုဂ္ဂိုလ်သည် မူလအဆိုပြုအစီအစ
တစ်ခုနှင့် ယင်း၏သဘောဖြင့် တွေ့ဆုံ
ရည်ရွယ်ချက်ဖြင့် ယင်းသို့ လုပ်ဆေ
ဆုံးဖြစ်ပါလိမ့်မည်။

ထို့အပြင် မြန်မာနိုင်ငံတွင် တာဝ
လက်အောက်ခံအဖွဲ့အစည်းတစ်ခုမှ ကို
ဒီဇင်ဘာလအတွင်း တာဝန်ပြီးဆုံး၍ မ
ဌာနဆိုင်ရာ ဝန်ကြီးတစ်ဦးနှင့် တွေ့ဆုံ
အဆိုပါပုဂ္ဂိုလ်က မြန်မာနိုင်ငံ နယ်
NGOအဖွဲ့အစည်းလုပ်ငန်းများ၊ စီမံ
တစ်ဖွဲ့နှင့်တစ်ဖွဲ့ အချင်းချင်းမသိရှိကြ
ဒေသခံပြည်သူလူထုအတွက် ထိရေ
လည်း မရှိကြောင်း၊ နိုင်ငံတကာ
တစ်ဖွဲ့နှင့် တစ်ဖွဲ့ ညှိနှိုင်းဆောင်ရွက်မှု
နိုင်ငံတော်အစိုးရက ပေါင်းစပ်ထိန်
အကြံပြုခဲ့သည်။

ယင်းအကြံပြုချက်အား နိုင်ငံ
မြန်မာနိုင်ငံအတွင်းရှိ ကုလသမဂ္
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများန
အဖွဲ့အစည်းများ၊ NGOအဖွဲ့အစည်း
ပူးပေါင်းဆောင်ရွက်သည့်အခါတွင်

မြန်မာနိုင်ငံတွင် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်း ၁၄ ဖွဲ့က စီမံချက် ၅၅ ခုကိုလည်းကောင်း၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း(INGO) ၄၄ ဖွဲ့က စီမံချက်အရေအတွက် ၅၆ ခုကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (IO) ကိုးဖွဲ့က စီမံချက်ပေါင်း ၁၅ ခုကိုလည်းကောင်း၊ အစိုးရမဟုတ်သော NGO အဖွဲ့အစည်းနှစ်ခုက စီမံချက်နှစ်ခုကိုလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းလုပ်ငန်းစီမံချက်ပေါင်း ၁၂၈ခုနှင့် မြန်မာနိုင်ငံအစိုးရက ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်ကို ကြည့်ခြင်းဖြင့် မြန်မာနိုင်ငံတွင် လူသား ချင်း စာနာထောက်ထားမှု လုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်လျက်ရှိကြောင်း ပြဆိုနေ။

အကြောင်းပြချက်များဖြင့် Global Fund ရန်ပုံငွေကို တစ်ဖက်သတ် ရုပ်သိမ်းခဲ့သည်။ ဤသို့ ရန်ပုံငွေကို ရုပ်သိမ်းရုပ်ဆိုင်းလိုက်ခြင်းသည် မြန်မာပြည်သူတို့အပေါ် လူသားချင်းစာနာထောက်ထားမှု၊ အကူအညီပေးမှုအား ပြည်တွင်းပြည်ပ အဖျက်သမားများက ဟန့်တားနှောင့်ယှက် ကန့်ကွက်နေ၍ ဖြစ်သည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ယင်းအကူအညီပေးမှုလုပ်ငန်းနှင့် ပတ်သက်ပြီး မည်သို့မျှ ချုပ်ချယ်ကန့်ကွက်ခြင်း မရှိခဲ့ပေ။ ယင်းသို့ Global Fund က လူသားချင်း စာနာထောက်ထားမှု၊ အကူအညီပေးမှုလုပ်ငန်းအား တစ်ဖက်သတ် ရုပ်သိမ်းရုပ်ဆိုင်းလိုက်ခြင်းသည် မြန်မာတိုင်းရင်းသားပြည်သူများကို များစွာထိခိုက်စေပြီး ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ် ဖွံ့ဖြိုးရေးကြေညာစာတမ်းပါ တန်ဖိုးများနှင့် အခြေခံမူများကိုပါ ဆန့်ကျင်လျက်ရှိသည်။

အမှန်အားဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်များသည် နိုင်ငံများတွင် လုပ်ငန်းများဆောင်ရွက်ရာ၌ 1946 Convention on the privileges and Immunities of the United Nations နှင့် 1947 The United Nations Convention on the privileges and Immunities of the Specialized Agencies စသည့် Convention များအရ အခွင့်အရေးနှင့် ကင်းလွတ်ခွင့် ရရှိပြီး ဖြစ်သည်။

သို့သော်လည်း ယင်း Convention များသည် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ၏ အထူးကိုယ်စားလှယ် အဖွဲ့အစည်းများက နိုင်ငံများတွင် လုပ်ငန်းများဆောင်ရွက်ရာ၌ ရရှိသည့် အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များကိုသာ ဖော်ပြထားခြင်းဖြစ်သည်။ အဆိုပါ လုပ်ငန်းလမ်းညွှန်နှင့် သဘောသဘာဝချင်း တူညီမှုမရှိနိုင်သော မြန်မာနိုင်ငံတွင် သောင်းကျန်းသူ အကြွင်းအကျန်များ ရှိနေသေးသဖြင့် လုံခြုံရေးရယူပြီး သွားလာဆောင်ရွက်ရသော ဒေသအချို့ ရှိနေခဲ့ရာ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ယင်းတို့၏ အစီအစဉ်ဖြင့် လုပ်ငန်းများသွားလာ လုပ်ကိုင်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများက ယင်းတို့၏ လုံခြုံရေးကို စီစဉ်ဆောင်ရွက်ပြီးမှသာ သွားရောက်လုပ်ကိုင် ဆောင်ရွက်ခွင့်ပြုခြင်းဖြစ်သည်။ လုံခြုံရေးအစီအစဉ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းသို့ ရက်သတ္တပတ်နှစ်ပတ် ကြိုတင်အချိန်ပေး အကြောင်းကြားရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံ၏ အကျိုးစီးပွားအတွက် လာရောက်ဆောင်ရွက်သော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ လုံခြုံရေးကို မြန်မာနိုင်ငံက ဆောင်ရွက်ပေးရမည့်တာဝန်ရှိသည့်အားလျော်စွာ လုံခြုံရေးအစီအစဉ်ကို ဆောင်ရွက်ရခြင်းဖြစ်သည်။ ဤသည်ကို ထိန်းချုပ်သည်၊ ကန့်သတ်သည်ဟု ယူဆပါက ယူဆသူ၏ တာဝန်မဲ့မှု၊ အမြင်ကျဉ်းမြောင်းမှုပင် ဖြစ်သည်။ အချို့သော အဖွဲ့အစည်းများက ယင်းတို့အဆိုပြုထားသည့် ခရီးစဉ်များနှင့် အစီအစဉ်များအတိုင်း သွားရောက်ဆောင်ရွက်လုပ်ကိုင်ကြသော်လည်း အချို့သော အဖွဲ့အစည်းများဆိုလျှင် မူလအစီအစဉ်အဆိုပြုချက်တွင် မပါဝင်သော ဒေသအချို့သို့သွားရောက်ခြင်းနှင့် လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်ခြင်းတို့လည်း ရှိခဲ့သည်။

ဤတွင် အလျဉ်းသင့်၍ ဖော်ပြရလျှင် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုမှ အကြီးတန်းအရာရှိ တစ်ဦးသည် ၂၀၀၄ခုနှစ် မေလအတွင်းက မြန်မာနိုင်ငံ မြောက်ပိုင်းဒေသသို့ ခရီးသွားရောက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ယင်းပုဂ္ဂိုလ် သွားရောက်လိုသော နေရာဒေသအားလုံးသို့ ခရီးသွားရောက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနက ကြိုတင်စီစဉ်ဆောင်ရွက်ပေးခဲ့သော်လည်း ယင်း ပုဂ္ဂိုလ်သည် မူလအဆိုပြုအစီအစဉ်တွင် မပါဝင်သော အဖွဲ့အစည်းတစ်ခုနှင့် ယင်း၏သဘောဖြင့် တွေ့ဆုံခဲ့သည်လည်းရှိခဲ့သည်။ မည်သည့်ရည်ရွယ်ချက်ဖြင့် ယင်းသို့ လုပ်ဆောင်ခဲ့သည်ကို ၎င်းတို့သာအသိဆုံးဖြစ်ပါလိမ့်မည်။

ထို့အပြင် မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သော ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတစ်ခုမှ ကိုယ်စားလှယ်တစ်ဦးက ၂၀၀၅ခုနှစ် ဒီဇင်ဘာလအတွင်း တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်မထွက်ခွာမီ ဌာနဆိုင်ရာ ဝန်ကြီးတစ်ဦးနှင့် တွေ့ဆုံခဲ့သည်။ ယင်းသို့ တွေ့ဆုံရာတွင် အဆိုပါပုဂ္ဂိုလ်က မြန်မာနိုင်ငံ နယ်စပ်ဒေသတစ်ခုတွင် နိုင်ငံတကာ NGO အဖွဲ့အစည်းလုပ်ငန်းများ၊ စီမံကိန်းများကို ဆောင်ရွက်ကြရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အချင်းချင်းမသိရှိကြသဖြင့် တိုင်ပင်ညှိနှိုင်းမှု မရှိကြ၍ ဒေသခံပြည်သူလူထုအတွက် ထိရောက်သော အကျိုးသက်ရောက်မှုလည်း မရှိကြောင်း၊ နိုင်ငံတကာ NGO အဖွဲ့အစည်းအချင်းချင်း တစ်ဖွဲ့နှင့် တစ်ဖွဲ့ ညှိနှိုင်းဆောင်ရွက်မှုမရှိသဖြင့် ညှိနှိုင်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရက ပေါင်းစပ်ထိန်းချုပ်ပြီး စီစဉ်ပေးသင့်ကြောင်း အကြံပြုခဲ့သည်။

ယင်းအကြံပြုချက်အား နိုင်ငံတော်အကြီးအကဲထံ တင်ပြခဲ့ရာ မြန်မာနိုင်ငံအတွင်းရှိ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများက မြန်မာနိုင်ငံသို့ လာရောက်ပူးပေါင်းဆောင်ရွက်သည့်အခါတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး

မြန်မာနိုင်ငံ၏ လက်ငင်းဖြစ်ပေါ် ပြောင်းလဲတိုးတက်နေသော အမျိုးသား နိုင်ငံရေးအခြေအနေသည် အမေရိကန်အစိုးရနှင့် ပြည်တွင်းပြည်ပ အဖျက်သမားတို့၏ မျှော်မှန်းချက်ဖြစ်သည့် မြန်မာနိုင်ငံတွင် ရုပ်သေးအစိုးရ ဖွဲ့စည်းရေးနှင့်အတူ မြန်မာနိုင်ငံအား နယ်ချဲ့သြဇာခံ၊ လက်ဝေခံ လက်သစ် ကျွန်နိုင်ငံ တည်ထောင်ရေးဟူသော ကျွန်ပြုရေးစီမံကိန်းကို ပြိုကျပျက်စီး စေခဲ့သည်။ ယင်းပြိုကျပျက်စီးနေသော ကျွန်ပြုရေးစီမံကိန်းကို အဖတ်ဆယ်ရ နိုးနိုးဖြင့် အမေရိကန်နှင့် အပေါင်းပါတို့က လုံခြုံရေးကောင်စီကို ခုတုံးလုပ် အသုံးချပြီး မြန်မာနိုင်ငံပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန် ကောက်ကျစ်စဉ်းလဲစွာ လုပ်ကြံနေခြင်းဖြစ်။

ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဦးစွာပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရေးကို ဆောင်ရွက်ရန်နှင့် အကောင်အထည်ဖော်မှုအပိုင်းကို သက်ဆိုင်ရာ ဝန်ကြီးဌာနများက တာဝန်ယူဆောင်ရွက်ရန် လမ်းညွှန်ခဲ့သည်။

ထို့ကြောင့်ပင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများ၏ လုပ်ငန်းများကို ပြန်လည်သုံးသပ်ခဲ့သည်။ ယင်းနောက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများနှင့် လုပ်ငန်းစီမံချက်များ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုများကို စနစ်တကျနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလအတွင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက လုပ်ငန်းလမ်းညွှန်စာအုပ်ကို ပြုစုထုတ်ဝေခဲ့သည်။ ယင်းလမ်းညွှန်စာအုပ်သည် လူသားချင်းစာနာထောက်ထား ကူညီမှုလုပ်ငန်းများကို ဟန့်တားထိန်းချုပ်ခြင်းမဟုတ်ပေ။ မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ လုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စေရန် မြန်မာနိုင်ငံအစိုးရက စနစ်တကျပေါင်းစပ်ရေး၊ လုပ်ငန်းများပီပြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်ထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်း ၁၄ ဖွဲ့က စီမံချက် ၅၅ ခုကိုလည်းကောင်း၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း(INGO) ၄၄ ဖွဲ့က စီမံချက်အရေအတွက် ၅၆ ခုကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (IO) ကိုးဖွဲ့က စီမံချက်ပေါင်း ၁၅ ခုကိုလည်းကောင်း၊ အစိုးရမဟုတ်သော NGO အဖွဲ့အစည်းနှစ်ခုက စီမံချက်နှစ်ခုကိုလည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းလုပ်ငန်းစီမံချက်ပေါင်း ၁၂၈ခုနှင့် မြန်မာနိုင်ငံအစိုးရက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို ကြည့်ခြင်းဖြင့် မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်လျက်ရှိကြောင်း ပြဆိုနေပေသည်။

သို့သော်လည်း ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတစ်ခုက လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ လမ်းညွှန်စီမံချက်ကို အခြေခံပြီး စီမံချက်ဒေသများသို့ အတားအဆီးမရှိ သွားရောက်ဆောင်ရွက်ခွင့်ရှိရန် လိုအပ်ကြောင်း တင်ပြလာခဲ့သည်။ စင်စစ်မြန်မာနိုင်ငံအစိုးရသည် ကုလသမဂ္ဂအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ၊ စီမံချက်ဆိုင်ရာလုပ်ငန်းများအတွက် သွားလာလုပ်ကိုင် ဆောင်ရွက်နေခြင်းနှင့်ပတ်သက်ပြီး မည်သည့်အခါကမျှ တားဆီးဟန့်တားခြင်း မရှိခဲ့ပေ။ ယင်းတို့၏ လုပ်ငန်းများ ချောမောပြေပြစ်စွာ အောင်မြင်ထိရောက်ရေးအတွက် ပူးပေါင်းဆောင်ရွက် ပေးနေသည်သာဖြစ်သည်။

ဆိုရလျှင် ကုလသမဂ္ဂအဖွဲ့အစည်းများက ဆောင်ရွက်နေသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ လုပ်ငန်းများသည် မြန်မာနိုင်ငံတွင် ယနေ့စိတ်ကူးရပြီး နက်ဖြန်သွားရောက်လုပ်ကိုင်ရမည့်လုပ်ငန်းမျိုး မရှိပေ။ လုပ်ငန်းအောင်မြင်ရေးနှင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးသည် အဓိကဖြစ်သည်။ မြန်မာနိုင်ငံမှာ ပူးပေါင်းဆောင်ရွက်နေသော လုပ်ငန်းများသည် ကြိုတင်စီစဉ်မှုဖြင့် ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်ရာ သက်ဆိုင်ရာတို့နှင့် ကြိုတင် ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် စိတ်ကူးပေါက်သလို လျှောက်လုပ်၍မဖြစ်နိုင်ပေ။ ဒေသကာလ အခြေအနေအရလုံခြုံရေးအတွက် ချက်ချင်းခွင့်မပြုနိုင်ခြင်းကို ချုပ်ချယ်ကန့်သတ် ထိန်းချုပ်သည်ဟူ၍ မယူဆသင့်ပေ။ မြန်မာနိုင်ငံနှင့် အနောက်နိုင်ငံများ၏ အခြေအနေချင်း၊ သဘောသဘာဝချင်း၊ ဓလေ့စရိုက်ချင်း မတူညီသည့် အခြေအနေများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ အရာခပ်သိမ်း မိမိ၏အလိုကျမဖြစ်တိုင်း အဆိုးမြင်ဝါဒဖြင့် စွပ်စွဲပုတ်ခတ်နေခြင်းသည် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းဆိုင်ရာ အခြေခံသဘောထားနှင့် ဆန့်ကျင်လျက်ရှိနေကြောင်း တွေ့ရှိရမည် ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရသည် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများက အဆိုပြုလာသော လုပ်ငန်းခရီးစဉ်များ အချိန်မီသွားရောက်ဆောင်ရွက်နိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)၊ ကုလသမဂ္ဂကလေးများရန်ပုံငွေ (UNICEF) စသည့် အဖွဲ့အစည်းခုနစ်ခုတို့၏ လုပ်ငန်းစီမံချက်ဒေသများသို့ သွားရောက်ခဲ့သည့်ခရီးစဉ် ၅၅၀ကျော်အတွက် ယင်းတို့အဆိုပြုထားသည့်အတိုင်း ပြည်တွင်းခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် နိုင်ငံတကာအစိုးရမဟုတ်သော NGO အဖွဲ့အစည်း ၂၈ ခုတို့ကိုလည်း ယင်းတို့ သွားရောက်လိုသော စီမံချက်ဒေသများသို့ သွားရောက်နိုင်ရေးကို ဝန်ကြီးဌာနအလိုက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ၂၀၀၃ခုနှစ် ဇန်နဝါရီလမှ ၂၀၀၆ ခုနှစ် အောက်တိုဘာလအထိ ခရီးစဉ်ပေါင်း ၅၀၀ ကျော် သွားရောက်ခဲ့ပြီးဖြစ်သည်။ အလားတူပင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (IO) တို့မှ သွားရောက်လိုသောခရီးစဉ် ၁၈၀ကျော်ကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံအစိုးရသည် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် လုပ်ငန်းစီမံချက်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပေါ်လွင်ထင်ရှားနေပြီဖြစ်သည်။ နိုင်ငံ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ လုပ်ငန်းများကို UN Charter ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လာရောက်ကူညီဆောင်ရွက်ခြင်းကို မြန်မာနိုင်ငံက နှစ်လိုဝမ်းမြောက်စွာ တံခါးဖွင့်ကြိုဆိုခဲ့၊ ကြိုဆိုနေဆဲပင်ဖြစ်သည်။

သို့ရာတွင် ကုလသမဂ္ဂကို အသုံးချ၍ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာထိပါးပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်သည့် ပယောဂများ ကပ်ငြိနေသောလုပ်ရပ်များကိုမူ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့က လုံးဝလက်ခံလိမ့်မည်မဟုတ်ပေ။

အချုပ်အားဖြင့်ဆိုရလျှင် မြန်မာနိုင်ငံတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စေတနာမှန်ဖြင့် လာရောက်ဆောင်ရွက်မှု မှန်သမျှကို လုံးဝကန့်သတ်ထိန်းချုပ်တားဆီးမှုမရှိရုံမက အပြည့်အဝပူးပေါင်း ကူညီလျက်ရှိသည်ကိုလည်းကောင်း၊ ပယောဂကင်းကင်း ဖြူစင်သောစိတ်ရင်းဖြင့် လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများ လွတ်လပ်စွာ ဆောင်ရွက်နိုင်လျက်ရှိသည်ကိုလည်းကောင်း အထက်ဖော်ပြပါ အခြေအနေနှင့် ဆောင်ရွက်ချက်များကို လေ့လာကြည့်ရုံဖြင့် သိရှိနိုင်သည်ဟု ဆိုလိုက်ပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၁-၂၀၀၇

(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်

၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနှယဉ်

၈:၁၅ ၇။ အကပြိုင်ပွဲ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ English for Everyday Use.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice in Reading

၄:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)

၄:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၅:၀၀ ၆။ မြန်မာစာ၊ မြန်မာစကား

၅:၂၅ ၇။ **"အန္တ ရာယ်ဆိုတာ လက်တစ်ကမ်းမှာ" (စိုးသူ၊နန်းကလျာလှိုင်၊ ကျော်မင်းနောင်၊ ကောင်းဈာန်သစ်၊ ယင်းမာ) (ဒါရိုက်တာ–စောစန္ဒာလှိုင်)**

၅:၃၀ ၈။ **"ကုသမနေးတီဘီအေး" (ရာဇာနေဝင်း၊သုမောင်၊ ညီကျော်၊မတူး) (ဒါရိုက်တာ–ပန်းချီစိုးမိုး)**

၅:၄၅ ၉။ ကုလသမဂ္ဂကိုတလွဲအသုံးချပြီး မြန်မာနိုင်ငံကိုဒုက္ခပေးလိုသည့် အမေရိကန်၏အားထုတ်မှု ရေစုန်မျောသွားပြီ(အပိုင်း–၂)

၆:၀၀ ၁၀။ ညနေခင်းသတင်း

၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ

၆:၄၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်

၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း–၁၅)**

၈:၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိုင်ငံတကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အကြင်နာရွှေဦး"(အပိုင်း–၅)**

၁၈။ နောက်တစ်နေ့အစီအစဉ်

၁၉။ အစီအစဉ်ပြီး၏။

ကဝမြို့နယ် အထက သက္ကလ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

ပဲခူးတိုင်း ကဝမြို့နယ် အထက သက္ကလတွင် စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ကျောင်းသူ၊ ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးမောင်စန်း ဖုန်း–၀၁–၂၄၇၈၈၆၊ ကိုမင်းအောင် ဖုန်း–၀၁–၂၄၇၁၉၈၊ ကိုကျော်စိုး ဖုန်း–၀၉၅၁၀၃၉၉၃၊ ဒေါ်မြင့်မြင့်စိန်ဖုန်း–၀၁–၆၆၇၁၈၃၊ ၀၉ ၅၀၀ ၆၀၅၂၊ ကိုခင်ကျော်ဝင်း ဖုန်း–၀၁–၅၄၈၀၂၅၊ ကိုမျိုးလွင်(ခ)ကိုမျိုးသန်းဦး ဖုန်း–၀၁–၅၃၄၇၇၇၊ ၀၁–၇၀၄၉၂၂ နှင့် ကိုစိုးဦး ဖုန်း–၀၅၂–၂၃၃၇၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(က–ပ)

အမေရိကန်နှင့်ဗြိတိန်တို့၏ မြန်မာနိုင်ငံအပေါ် မမှန်မကန် လုပ်ကြံစွပ်စွဲမှုများနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်၊ ဖြစ်ရပ်မှန်များကို နှိုင်းယှဉ်လေ့လာခြင်း(၄)

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခဲ့ရာတွင် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ မမှန်ကန်သောအကြောင်းပြစွပ်စွဲမှုများ ပြုလုပ်ခဲ့သော်လည်း ၎င်းတို့၏ အကြောင်းပြစွပ်စွဲမှုများသည် မဟုတ်မမှန် လုပ်ကြံဖန်တီးမှုများသာဖြစ်ကြောင်းကို မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်၊ ဖြစ်ရပ်မှန်များနှင့် နှိုင်းယှဉ်ချိန်ထိုးကြည့်လျှင် သိရှိနိုင်

စာဖတ်သူတစ်ဦး

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၁ရက်နေ့က လုံခြုံရေးကောင်စီကို အမေရိကန်နှင့် ဗြိတိန်တို့ ပူးတွဲအဆိုရှင်အဖြစ် တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံနှင့်ပတ်သက်သော ဆုံးဖြတ်ချက်မူကြမ်း (draft resolution)ထဲမှာ မမှန်ကန်တဲ့ အကြောင်းပြစွပ်စွဲမှုတွေ ဖော်ပြခဲ့ပါတယ်။

၎င်းတို့အကြောင်းပြစွပ်စွဲခဲ့တဲ့ မူးယစ်ဆေးဝါးနှင့် လူမှောင်ခိုလူကုန်ကူးမှုကိစ္စ၊ ကြက်ငှက်တုပ်ကွေးရောဂါကိစ္စ၊ HIV/AIDS ကိစ္စတွေ မြန်မာနိုင်ငံအတွင်းမှ ကင်းစင်ပပျောက်အောင် နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တို့ ပူးပေါင်းလက်တွဲကြိုးပမ်း တိုက်ဖျက်လျက်ရှိနေသလို စေတနာရှင်လူမှုရေးအသင်းအဖွဲ့များ၊ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ လူမှုရေးအသင်းအဖွဲ့များနဲ့ နိုင်ငံတကာအဖွဲ့အစည်းများကလည်း လက်တွဲကူညီဆောင်ရွက်လျက်ရှိတာမို့ အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်လျက်ရှိနေတာကို လေ့လာသိရှိခဲ့ကြပြီးဖြစ်ပါတယ်။

ယခုဆက်လက်ပြီး **"မြန်မာနိုင်ငံအနေနဲ့ အဓမ္မစေခိုင်းမှုပပျောက်ရေးအတွက် ILOနဲ့ အပြည့်အဝပူးပေါင်းဆောင်ရွက်ရန်"**ဆိုတဲ့ အကြောင်းပြစွပ်စွဲ တောင်းဆိုမှုနဲ့ စပ်လျဉ်းပြီး မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန် ဖြစ်ရပ်မှန်များနဲ့ ပူးပေါင်းဆောင်ရွက်နေမှုများကို လေ့လာဆန်းစစ်သိရှိနိုင်ဖို့ အထောက်အထားမှတ်တမ်းများနှင့်တကွ ဖော်ပြလိုက်ပါတယ်။

စဉ်	အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်မကန်လုပ်ကြံစွပ်စွဲမှု	မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များနှင့် ဖြစ်ရပ်မှန်များ
၄။	**မြန်မာနိုင်ငံအနေဖြင့် အဓမ္မစေခိုင်းမှု ပပျောက်ရေးအတွက် ILO နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်။**	**အဓမ္မစေခိုင်းမှု (Forced Labour) ကိစ္စ** * နယ်ချဲ့ဗြိတိသျှ၏ ကိုလိုနီလက်အောက်ခံဘဝ ကျရောက်ချိန် နှစ်ပေါင်းတစ်ရာကျော်အတွင်း မြန်မာအလုပ်သမားများသည် နယ်ချဲ့၏ ဖိနှိပ်အုပ်ချုပ်မှု၊ လက်ဝါးကြီးအုပ် အမြတ်ထုတ် ကုပ်သွေးစုပ်မှုအမျိုးမျိုးကို ခါးစည်းခံခဲ့ကြရသည်။ * နယ်ချဲ့ဗြိတိသျှအစိုးရက ကျေးရွာဥပဒေ(၁၉၀၇)နဲ့ မြို့များဥပဒေ (၁၉၀၇)တို့ဖြင့် မြန်မာတိုင်းရင်းသားများအား လုပ်အားဆင့်ခေါ် အဓမ္မစေခိုင်းမှုများ ပြုလုပ်ခဲ့သည်။ * မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၈–၅–၁၉၄၈ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)သို့ ဝင်ရောက်ခဲ့သည်။ * ILO က ပြဋ္ဌာန်းထားသည့် Convention များအနက် ပြဋ္ဌာန်းချက်ပေါင်း ၁၉ ခုကို လက်ခံကျင့်သုံးလျက်ရှိသည်။ * ၁၉၅၅ခုနှစ် မတ်လတွင် ILO ၏ အဓမ္မစေခိုင်းမှုဆိုင်ရာ ပြဋ္ဌာန်းချက်(၂၉)ကို လက်ခံကျင့်သုံးခဲ့သည်။ * ၁၉၆၄ခုနှစ်တွင် အလုပ်သမားအခွင့်အရေး ကာကွယ်သည့်ဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့သည်။ * ၁၉၅၅မှ ၁၉၉၀ပြည့်နှစ်အထိ ၃၅နှစ်တာကာလအတွင်း ပြည်တွင်းသောင်းကျန်းသူများကို ရှင်းလင်းစဉ် တပ်မတော်က ပြည်သူ့အင်အားရယူခဲ့ရသည်။ ထိုစဉ်က ILO သည် ၎င်းတို့၏ပြဋ္ဌာန်းချက် (၂၉)နှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံအပေါ် တစ်စုံတစ်ရာ ကန့်ကွက်ပြောကြားခြင်း မရှိခဲ့ပေ။ * ၁၉၉၀ပြည့်နှစ်နောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ဖွဲ့နှင့် အဖွဲ့ငယ် ၁၈ဖွဲ့ ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့သည့်အတွက် စစ်ဆင်ရေးကြီးများမရှိတော့သည့်အပြင် ပြည်သူ့အင်အားရယူသုံးစွဲသည့်ကိစ္စများလည်း မရှိခဲ့ပေ။ * အမေရိကန်အစိုးရ အဆက်ဆက်သည် ၁၉၈၈ခုနှစ်မှစပြီး ၎င်းတို့၏မဟာဗျူဟာ အကျိုးစီးပွားသက်သက်အတွက် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန် နည်းမျိုးစုံဖြင့် အားထုတ်လုပ်ဆောင်လာခဲ့သည်။ * မြန်မာနိုင်ငံအား ဆန့်ကျင်တိုက်ခိုက်နေသည့် ပြည်ပြေးအဖွဲ့များ၊ လက်နက်ကိုင် သောင်းကျန်းသူများအား သိမ်းသွင်းမွေးမြူထောက်ပံ့ပြီး လက်ကိုင်တုတ်အဖြစ် အသုံးချခဲ့သည်။ * ၎င်း၏ အပေါင်းပါနှင့် လက်ဝေခံနိုင်ငံများ၊ ၎င်း၏ဩဇာလွှမ်းမိုးသော နိုင်ငံတကာအဖွဲ့အစည်းများကို မြန်မာနိုင်ငံအပေါ် ဝိုင်းဝန်းဖိအားပေးရန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆက်ဆံမှုမပြုရန်၊ ကူညီထောက်ပံ့မှုများ ရပ်တန့်ဖြတ်တောက်ရန် သိမ်းသွင်းအသုံးချခဲ့သည်။ * ၁၉၉၉ခုနှစ် ဇွန်လတွင်ကျင်းပသည့် (၈၇)ကြိမ်မြောက် ILOညီလာခံသို့ အမေရိကန်သမ္မတ တက်ရောက်မိန့်ခွန်းပြောကြားရာ၌ မြန်မာနိုင်ငံနှင့်စပ်လျဉ်းပြီး ဖိအားပေးမှုများကို အရှိန်မြှင့်လုပ်ဆောင်သွားမည်ဟု အတိအလင်းပြောကြားခဲ့သည်။ (မြန်မာနိုင်ငံအပေါ်ဖိအားပေးရန် ILO အား အချက်ပြလိုက်ခြင်းပင် ဖြစ်သည်။) * တစ်ဖက်နိုင်ငံ၌ အခြေစိုက်ထားသည့် AAFLI(Asian American Free Labour Institute)မှ အမေရိကန်နိုင်ငံသား John Osolinkက ကျောက်မျက်ရတနာကော်ပိုရေးရှင်းတွင် အလွဲသုံးစားပြုမှုကြောင့် ဝရမ်းပြေးဖြစ်နေသူ မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေအား ကြိုးကိုင်ပြီး မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂအဖွဲ့ချုပ်(FTUB)ကို ဖွဲ့စည်းဆောင်ရွက်စေခဲ့သည်။ * ပြည်သစ်ညွန့်ဝေသည် ၁၉၈၉ ခုနှစ်တွင် တစ်ဖက်နိုင်ငံသို့ ပြည်ပြေးဝရမ်းပြေးအဖြစ် ရောက်ရှိနေချိန်မှစပြီး ဒုညတသောင်းကျန်းသူအဖွဲ့မှ ဖောက်ခွဲဖျက်ဆီးရေးသမားသန်းလွင်နှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်။ * FTUB သည် သောင်းကျန်းသူအဖျက်သမားများ ပူးပေါင်းဖွဲ့စည်းထားသည့် NCUB တွင် ပါဝင်ပြီး ပြည်တွင်း၌ ဆူပူအုံကြွမှုများ ဖြစ်ပွားစေရန်နှင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ရန် နောက်ကွယ်မှ ကြိုးကိုင်ဆောင်ရွက်လျက်ရှိသည်။ * နိုင်ငံတော်က FTUB နှင့် ၎င်း၏ အဖွဲ့ဝင်များ၊ ၎င်းအဖွဲ့နှင့် ဆက်နွှယ်သည့် အခြားအဖွဲ့များ၊ ပုဂ္ဂိုလ်များကို ၂၈–၈–၂၀၀၅ ရက်နေ့တွင် မတရားသင်းအဖြစ်လည်းကောင်း၊ ၎င်းတို့အားလုံးအား အကြမ်းဖက်သမား(Terrorist)များအဖြစ်လည်းကောင်း ကြေညာခဲ့ပြီးဖြစ်သည်။ * ILOဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရ ၎င်း၏ အထွေထွေညီလာခံသို့ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များသာ တက်ရောက်ခွင့်ရှိကြောင်း ထုတ်ပြန်ဖော်ပြထားသော်လည်း ILO အစည်းအဝေးများသို့ FTUB မှ အကြမ်းဖက်အဖျက်သမား တရားခံပြေး ပြည်သစ်ညွန့်ဝေကို တက်ရောက်ခွင့်ပြုခဲ့သည်။ * FTUB သည် ILO တွင် ဩဇာကြီးမားသည့် ICFTU ၏ အထောက်အပံ့ဖြင့် ပြည်တွင်း၌ အမာခံများမြှုပ်နှံ၍ ဆန့်ကျင်ဘက်အဖွဲ့များထံမှ မြန်မာနိုင်ငံအတွင်း အဓမ္မစေခိုင်းမှုများရှိနေသည် ဟူသော လုပ်ကြံသတင်းများရယူပြီး ILO သို့ ပေးပို့ခဲ့သည်။ * ILO က အဆိုပါ သတင်းမှားများကို အသိအမှတ်ပြုလက်ခံပြီး စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းကာ နယ်စပ်ဒေသများမှ သတင်းမှားများ၊ မဟုတ်မမှန်စွပ်စွဲမှုများကို ရယူ အစီရင်ခံစာတင်ပြစေခဲ့သည်။ * ILO က ယင်းကော်မရှင်၏ အစီရင်ခံစာတွင် ပါဝင်သည့် Recommendations (၃)ရပ်ကို လိုက်နာဆောင်ရွက်ရန် မြန်မာနိုင်ငံအား တိုက်တွန်းတောင်းဆိုခဲ့သည်။ * ILOနှင့် ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအတွင်း အဓမ္မလုပ်အားပေးစေခိုင်းမှု မပြုရန်အတွက် အမိန့်အမှတ်(၁/၉၉)နှင့် (၁/၉၉)ကို ဖြည့်စွက်သည့် အမိန့်များထုတ်ပြန်ပြီး ကျေးရွာအုပ်စုအဆင့်အထိ ဖြန့်ဝေအသိပေးခဲ့သည်။ * ILO ပြဋ္ဌာန်းချက်(၂၉) အကောင်အထည်ဖော်ရေး ကော်မတီဖွဲ့စည်းပြီး အဓမ္မစေခိုင်းမှုပပျောက်အောင် နည်းလမ်းတကျ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ * အဓမ္မစေခိုင်းမှုပပျောက်စေရေး ကွင်းဆင်းလေ့လာရေးအဖွဲ့(Field Observation Team-FOT)များဖွဲ့စည်းပြီး ပြည်နယ်/တိုင်း အသီးသီးသို့ ကွင်းဆင်းစစ်ဆေး အသိပညာပေးဟောပြောမှုများပြုလုပ်ခဲ့သည်။ (ခရီးစဉ်အချို့တွင် ILO ဆက်သွယ်ရေးအရာရှိကိုယ်တိုင် လိုက်ပါလေ့လာခဲ့သည်။) * ILOဆက်သွယ်ရေးအရာရှိထံမှ ပေးပို့ခဲ့သည့် အဓမ္မလုပ်အားပေးစွပ်စွဲ တိုင်ကြားချက်အမှု ၅၀ကို စုံစမ်းစစ်ဆေးပြီး စွပ်စွဲချက်မှန်ကန်ပါက တာဝန်ရှိသူများအား တည်ဆဲဥပဒေများနှင့်အညီ တပ်ဘက်၊ အရပ်ဘက် မခွဲခြားဘဲ အရေးယူအပြစ်ပေးခဲ့သည်။ * ၂၀၀၀ပြည့်နှစ်မှ ယနေ့အထိ ILO ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (TCM) လေးကြိမ်၊ အဆင့်မြင့်အဖွဲ့ (HLT) တစ်ကြိမ်၊ အထူးအဆင့်မြင့်အဖွဲ့ (v HLT) တစ်ကြိမ်၊ ILO Mission လေးကြိမ် လာရောက်ခြင်းကို လက်ခံတွေ့ဆုံဆွေးနွေးမှုပြုခဲ့သည်။ * ILO၏ မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက်နှင့် HLTက တိုက်တွန်းခဲ့သည့်အတိုင်း ILOဆက်သွယ်ရေးအရာရှိရုံးဖွင့်ခွင့်ပြုပြီး ယနေ့ထက်တိုင် အဓမ္မစေခိုင်းမှုပပျောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ * သို့ရာတွင် အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များတွင် ကူညီပံ့ပိုးလုပ်ဆောင်ပေးရန်လိုအပ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းကလည်း မြန်မာနိုင်ငံအပေါ် အပြုသဘောဆက်ဆံဆောင်ရွက်ရန် လိုအပ်ကြောင်းဟူသည့် HLT ၏ တိုက်တွန်းချက်ကိုမူ ILO ဘက်မှ ယနေ့ထက်တိုင် ဖြည့်ဆည်းပေးခြင်းမရှိပေ။ * အခြားတစ်ဖက်ကမူ ILOသည် အဓမ္မစေခိုင်းမှုဆိုင်ရာ တိုင်ကြားရာတွင် မဟုတ်မမှန် လုပ်ကြံတိုင်ကြားသူများကို အရေးမယူရန်ဟုဆိုကာ မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေများကို ကျော်လွန်ပြီး တစ်ဖက်သတ် တောင်းဆိုလျက်ရှိသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❐

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

စဉ်	အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်မကန်လုပ်ကြံစွပ်စွဲမှု	မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များနှင့် ဖြစ်ရပ်မှန်များ
		* နိုင်ငံတော်က ပြည်သူလူထု၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ကျင့်သုံးပြီး ပုဂ္ဂလိကအခန်းကဏ္ဍကို အားပေးမြှင့်တင်လျက်ရှိသည်။ *** ထို့ကြောင့် ယခုအခါ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ အလုပ်လုပ်နိုင်သူ လူဦးရေ ၃၄ ဒသမ ၇သန်းကျော်အနက် လယ်ယာအလုပ်သမား ၂၂ ဒသမ ၃သန်းကျော်၊ စက်မှုအလုပ်သမား ၄ ဒသမ ၈သန်းကျော်၊ ဝန်ဆောင်မှုအလုပ်သမား ၇ ဒသမ ၅သန်းကျော်အထိ ရှိလာခဲ့ပြီဖြစ်သည်။ ၁၉၈၈ခုနှစ်ကထက် အလုပ်အကိုင်အခွင့်အလမ်းနှစ်ဆကျော် ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်သည်။** * ၂၀၀၃ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် ILOညီလာခံတွင် ILOညွှန်ကြားရေးမှူးချုပ်က "ဒေါ်စုကြည်နှင့် ၎င်းအားထောက်ခံသူများကို လွှတ်ပေးရန်အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရန်တောင်းဆိုကြောင်း"ဖြင့် မြန်မာနိုင်ငံအလုပ်သမားရေးရာနှင့် မပတ်သက်သည့် နိုင်ငံရေးဖိအားပေးမှုများ ပြောကြားခဲ့သည်။ * ဒေါ်စုကြည်နှင့် နောက်လိုက်များ၏ တောင်းဆိုမှုကြောင့် အမေရိကန်က မြန်မာနိုင်ငံအပေါ် ကုန်သွယ်မှုပိတ်ပင်ခဲ့သဖြင့် ရန်ကုန်တိုင်းရှိ စက်ရုံပေါင်း ၁၆၀ ကျော် ပိတ်ပစ်ခဲ့ရသည်။ စက်ရုံအလုပ်ရုံ ၄၀ မှ အလုပ်သမားများ လျှော့ချခဲ့ရသည်။ * ထို့ကြောင့် မြန်မာအလုပ်သမားပေါင်း ၈၀၀၀၀ ကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရပြီး မိုခိုသူမိသားစု လေးသိန်းကျော် ထိခိုက်နစ်နာခဲ့ရသော်လည်း ထိုအလုပ်သမားများ၏ ဖြစ်ရပ်ကို ILO က လျစ်လျူရှု မျက်ကွယ်ပြုထားသည်။ *** ILOသည် ဆန့်ကျင်ဘက် လက်တစ်ဆုပ်စာလူတစ်စုက မြန်မာနိုင်ငံအတွင်း အဓမ္မစေခိုင်းသည်ဆိုသော တိုင်ကြားချက်ကိုသာ သဲကြီးမဲကြီးအာရုံစိုက်ပြီး ၎င်းတို့လိုရာဆွဲကာ တစ်ဖက်သတ်လုပ်ဆောင်လျက် ရှိနေပေသည်။**

(ဖော်ပြပါ နှိုင်းယှဉ်လေ့လာချက်ကို ကြည့်ရှုလျှင် မြန်မာနိုင်ငံအပေါ် အဓမ္မစေခိုင်းမှု ကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်နှင့် ဗြိတိန်တို့က မမှန်မကန်လုပ်ကြံစွပ်စွဲနေကြတာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစွာတွေ့ရှိရမှာဖြစ်ပါတယ်။ အမေရိကန်နှင့် ဗြိတိန်တို့ရဲ့ မမှန်မကန်လုပ်ကြံစွပ်စွဲမှုတွေကို ဆန်းစစ်သိရှိနိုင်ဖို့အတွက် ဆက်လက်ဖော်ပြသွားပါဦးမယ်။)

✡ **စာမျက်နှာ ၇ မှ**

ထို့နောက် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှလှူဒါန်းသည့် အိမ်သုံးဆေးများနှင့် စောင်များကို လှူဒါန်းရာ နာဂအကြီးအကဲများက လက်ခံကြသည်။

ထို့နောက် တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများကို နာဂတိုင်းရင်းသား အကြီးအကဲများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအား အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ကမ္ဘာလှည့်ခရီးသည်များက နာဂရိုးရာယဉ်ကျေးမှုကော်မတီသို့ ငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ ဒိုင်းမွန်းပဲလေ့စ် ခရီးသွားလုပ်ငန်းကုမ္ပဏီက ငွေကျပ်သိန်း၂၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ နာဂအကြီးအကဲများက လက်ခံကြသည်။

ထို့နောက် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဒေသခံနာဂတိုင်းရင်းသား ကျောင်းသားကျောင်းသူများအား ခန္တီးခရိုင်ဥက္ကဋ္ဌဦးလှထွန်းက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သဘာပတိဦးဝါလိုက နိဂုံးချုပ်စကားပြောကြားကာ နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အဖွဲ့ဝင်များ၊ အခမ်းအနားတက်ရောက်လာကြသူများအား နာဂရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံပြီး နာဂတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များက ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် ခင်းကျင်းပြသထားသည့် ကျန်းမာရေး၊ ပြန်ကြားရေး၊ ပညာရေး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ သစ်တော၊ စိုက်ပျိုးရေး၊ ဌာနဆိုင်ရာပြခန်းများနှင့် အခမဲ့ဆေးကုသပေးမှုများ၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်လက်ဆောင်ပစ္စည်းအရောင်းပြခန်းနှင့် နာဂတိုင်းရင်းသားတို့၏ ရိုးရာလက်မှုပစ္စည်းလုပ်ကိုင်မှုများ၊ ရက်ကန်းဂျပ်ခုတ်စောင် ရက်လုပ်မှုတို့ကို ကြည့်ရှုအားပေးကြသည်။

ည ၇ နာရီခွဲတွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကပွဲဖျော်ဖြေရေးနှင့် မီးပုံပွဲကို ဆက်လက်ကျင်းပရာ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာများ၊ နာဂအကြီးအကဲများ၊ နိုင်ငံခြား ခရီးသွားဧည့်သည်များ၊ လေရှီး၊ လဟယ်၊ နန်းယွန်း နာဂဒေသများမှ တိုင်းရင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်က မီးပုံပွဲကို မီးထွန်းညှိဖွင့်လှစ်ပေးရာ တိုင်းရင်းသားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ပြည်မြန်မာသီချင်းဖြင့် သီဆိုကြသည်။

ထို့နောက် လဟယ်မြို့နယ်၊ ခန္တီးမြို့နယ်၊ လေရှီးမြို့နယ်၊ နန်းယွန်းမြို့နယ်များအတွင်းရှိ ကျေးရွာများမှ နာဂရိုးရာ ယဉ်ကျေးမှုအဖွဲ့များက ဖျော်ဖြေတင်ဆက်ကြရာ တက်ရောက်လာကြသူများက ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်းသိရှိရသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကျောက်တံတားမြို့နယ် လမ်း ၄၀ နေ ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော ဦးထွန်းစိန် (တိုင်းပညာရေးမှူး)၊ ဒေါ်စိန်ညွှန့်တို့အား ရည်စူး၍ ဦးဘသိန်း–ဒေါ်ကျင်ဦး၊ သား မောင်ဇော်မျိုးထက်၊ သမီး မသင်းသင်းနိုင် မိသားစုက အလှူတော်ငွေကျပ် ၁၅၀၀၀၀ ကို စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ထီးချိုင့်အရှင်ဇနက ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကျောက်ကြီးမြို့နယ်၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ ပြည်သူတစ်ဦး သေဆုံး

ရန်ကုန် ဇန်နဝါရီ ၁၈

ပဲခူးတိုင်း တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်၌ ဇန်နဝါရီ ၁၂ရက်တွင် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိသဖြင့် အပြစ်မဲ့ ပြည်သူတစ်ဦး သေဆုံးခဲ့ရကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ကျောက်ကြီးမြို့ မေတ္တာရပ်ကွက်နေ စောဌေးလှိုင်ဝင်း(၃၀)နှစ် (ဘ)ဦးကြည်ရွှေသည် ဇန်နဝါရီ ၁၂ရက် ညနေ ၄နာရီခွဲတွင် ကျောက်ကြီးမြို့ အရှေ့ဘက် ၁၇မိုင်ခန့်အကွာရှိ ၎င်း၏ ကွမ်းခြံ၌ ကွမ်းရွက်ခူးရန် သွားရောက်စဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးအား နင်းမိပြီး ပေါက်ကွဲခဲ့ကြောင်း၊ မိုင်းပေါက်ကွဲမှုကြောင့် စောဌေးလှိုင်ဝင်း၏ ဝဲဘက်ခြေထောက်တွင် ပြင်းထန်စွာဒဏ်ရာရရှိပြီး ကျောက်ကြီးတိုက်နယ်ဆေးရုံသို့ တင်ပို့ကာ ဆေးဝါးကုသမှုခံယူခဲ့သော်လည်း ဇန်နဝါရီ ၁၃ရက် ညနေ ၅နာရီခွဲတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

အကြမ်းဖက် သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အေးချမ်းစွာ နေထိုင်ကြသည့် ပြည်သူများအပေါ် လက်နက်အားကိုးအနိုင်ကျင့် ဗိုလ်ကျ၍ လူသတ်၊ ဓားပြတိုက်၊ လုယက်၊ မိုင်းထောင် စသည့် အကြမ်းဖက်အဖျက်လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြုဆောင်ရွက်လျက်ရှိသည်။

ယခုကဲ့သို့ အဖျက်လုပ်ရပ်ကျူးလွန်သူများကို ဖမ်းဆီးရမိရေးအတွက် နယ်မြေခံစစ်ကြောင်းများက ပြည်သူလူထုနှင့်ပူးပေါင်း၍ ဖော်ထုတ်ရှာဖွေ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကျီစုအနောက်ကျေးရွာ ဗဟုသုတစာကြည့်တိုက်တွင် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ စာအုပ်လှူဒါန်းပွဲနှင့် အသိပညာပေး ဟောပြောပွဲကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မိုးမိုးဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ရီတို့ ဖဲကြိုးဖြတ်ဖွင့်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ထူးခြားသည့် ညအပူချိန်များ

၁၈–၁–၂၀၀၇

ဟားခါး
၀ ဒီဂရီစင်တီဂရိတ်

ပူတာအိုနှင့် နမ့်စန်
၃ ဒီဂရီစင်တီဂရိတ်

မိုးကုတ်
၄ ဒီဂရီစင်တီဂရိတ်

ရန်ကုန်
၁၇ ဒီဂရီစင်တီဂရိတ်

၂၀၀၇ခုနှစ် အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးအစီအစဉ်ကို ဇန်နဝါရီ ၁၇ ရက်က ပန်းဘဲတန်းမြို့နယ် (၄)ရပ်ကွက် ၂၇ လမ်း ဓမ္မာရုံ၌ကျင်းပရာ ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ထွေးနှင့် ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှဲ့ယဉ်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(၁၉)

NLD ပါတီပေါ် စိတ်ဝင်စားမှုမရှိ၊ အယုံအကြည်မရှိတော့ခြင်းကြောင့် မင်းကင်းမြို့နယ် NLD ပါတီဝင် ၁၀ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်း ကလေးခရိုင် မင်းကင်းမြို့နယ် ကျွန်းတောကျေးရွာမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များဖြစ်ကြသော ဦးစိုးလွင်ဦး၊ ဒေါ်ခင်မိုးအေး၊ ဒေါ်မိ၊ ဦးဆန်းညွှန့်မောင်၊ ဦးဆန်းသောင်း၊ ဦးမြင့်ဦး၊ ဦးသန်းမြင့်အောင်၊ ဒေါ်သန္တာလှိုင်၊ ဒေါ်နှင်းနှင့် ဦးသန်းထွန်းတို့ ၁၀ဦးသည် ၂၀၀၆ခုနှစ် နိုဝင်ဘာ ၂၀ရက်တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD)မှ နုတ်ထွက်ကြောင်း မိမိတို့၏ သဘောဆန္ဒအလျောက် နုတ်ထွက်လွှာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများ ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် မိမိတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီပေါ် စိတ်ဝင်စားမှု မရှိတော့ခြင်း၊ အယုံအကြည်လုံးဝမရှိတော့ခြင်းတို့ကြောင့် မိမိတို့၏ သဘောဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက်ခြင်း ဖြစ်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

✱ မြန်မာနိုင်ငံမိခင်နှင့်ကလေးမှ

၁။ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြယ်လှယ်နိုင်ရန် ကြိုးပမ်းအားထုတ်ပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက်မူကြမ်းတင်သွင်းခဲ့သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်ကန်သော တစ်ဖက်သတ်လုပ်ရပ်ကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချသည်။

၂။ အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် တောင်အာဖရိကနိုင်ငံက ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာ (Double Veto)သုံး၍ ပယ်ချခဲ့သည့်အတွက် မြန်မာနိုင်ငံအပေါ် စာနာထောက်ထားပြီး အမှန်တရားဘက်မှ ခိုင်ခိုင်မာမာ ရပ်တည်ပေးခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့အား မြန်မာပြည်သူများနှင့်အတူ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက အထူးကျေးဇူးတင်ရှိပါသည်။

၃။ အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏အရေးကိစ္စကို လုံခြုံရေးကောင်စီ၏ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးနိုင်ရန်အတွက် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး မဟုတ်မမှန် လုပ်ကြံသတင်းများကို ဖန်တီးပေးပို့ခဲ့သည့် အမျိုးသားသစ္စာဖောက် ပြည်ပြေး၊ အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများနှင့် ပြည်ပကို အားကိုးနေသည့် ပြည်တွင်းမှ နိုင်ငံရေးသမား ပုဆိန်ရိုးများအား မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့် မြန်မာပြည်သူများနှင့်အတူ ဆန့်ကျင်ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း

နေရာ။ ရန်ကုန်မြို့
ရက်စွဲ။ ၂၀၀၇ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်

☆ ကရင်နီပြည်လူမျိုးပေါင်းစုံမှ

၁။ ကျွန်ုပ်တို့ ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦးသည် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး ဒေသအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်လျက်ရှိသည့်အပြင် နယ်မြေဒေသလုံခြုံရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည့် အကြမ်းဖက်မှုများကိုလည်း နယ်မြေခံတပ်ရင်းများနှင့် ညှိနှိုင်းပူးပေါင်း ရှင်းလင်းလျက်ရှိပါသည်။

၂။ ၎င်းအပြင် အမေရိကန်နိုင်ငံအနေဖြင့် မြန်မာပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အဆိုတင်သွင်းခဲ့ခြင်းအပေါ် မိမိတို့အဖွဲ့အစည်းအနေဖြင့် ပြင်းထန်စွာ ရှုတ်ချကန့်ကွက်ခဲ့ပြီးလည်း ဖြစ်ပါသည်။ ထိုနည်းတူ အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချနိုင်ရေး အဆိုတင်သွင်းခြင်းအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာသုံး၍ ကန့်ကွက်ပယ်ချခဲ့ကြောင်း သိရှိရပါသည်။

၃။ ထိုကဲ့သို့ အမေရိကန်နှင့် ဗြိတိန်တို့သည် မြန်မာနိုင်ငံ၏ တည်ဆဲတပ်မတော်အစိုးရကို ဆန့်ကျင်နေသည့် အင်အားစုများအား အစဉ်တစိုက် အားပေးထောက်ခံခဲ့ပြီး မြန်မာ့ဒီမိုကရေစီအရေးကို ထောက်ခံသည်ဟု ပြသခဲ့ကြကြောင်း၊ နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်နေမှု၊ HIV၊ တီဘီနှင့် ငှက်ဖျားရောဂါ ပြန့်ပွားနေခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တားဆီးနှိမ်နင်းခြင်းမရှိမှုစသည့် မမှန်ကန်သော အကြောင်းပြချက်များသည်လည်း တပ်မတော်အစိုးရအား ဆန့်ကျင်ရေးအင်အားစုများကို သိက္ခာထပ်အဖတ်ဆယ်ပေးသည့် မအောင်မြင်သည့် လုပ်ရပ်အမှားတစ်ခုဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၄။ အဆိုပါလုပ်ကြံစွပ်စွဲမှုများနှင့် ပတ်သက်၍ မြန်မာ့အရေးသည် ဒေသတွင်းသာမက နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်သည်ဆိုသည်မှာ မမှန်မကန် စွပ်စွဲမှုဖြစ်သောကြောင့် လက်မခံနိုင်သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က ကန့်ကွက်ခဲ့ပြီး ကျန်သုံးနိုင်ငံက ကြားနေခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ အခြေအနေသည် ၁၉၇၂ ခုနှစ်မှ ယနေ့အထိ မကြုံခဲ့ဖူးသော Double Veto သုံးခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၅။ မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သော အရေးကိစ္စဟု ယုံကြည်၍ ပြည်ပမှဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင်ကြောင်းနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်ပါဝင်ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်း၊ ကျွန်ုပ်တို့ ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး(ကလလတ) အဖွဲ့အနေဖြင့် အခိုင်အမာယုံကြည်ပါသည်။

၆။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့တိုင်းပြည်၏ ပြည်တွင်းရေးကိစ္စများကို ကျွန်ုပ်တို့ တိုင်းရင်းသားများ၊ ပြည်သူလူထုများအားလုံး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ထွန်းကျော်
ဒုတိယဥက္ကဋ္ဌ
ကရင်နီပြည် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး

❁ မြန်မာနိုင်ငံဆန်စပါးကုန်သည်များမှ

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက် ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် "မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ သဘောထားကြေညာချက်

ရက်စွဲ၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၄ ရက်

အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန် ၁-၉-၂၀၀၆ နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးက မြန်မာနိုင်ငံအရေးကိစ္စသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများ၏ လုံခြုံရေးကို ထိခိုက်နိုင်သဖြင့် လုံခြုံရေးကောင်စီ၏ အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် တင်ပြတောင်းဆိုခဲ့သဖြင့် ၁၅-၉-၂၀၀၆ နေ့တွင် လုံခြုံရေးကောင်စီ၌ မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ၁၀မဲဖြင့် အတည်ပြုခဲ့ပြီး ဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်ဟု သိရပါသည်။

အဆိုပါဆုံးဖြတ်ချက်နှင့်ပတ်သက်၍ နိုင်ငံတော်နှင့်ပြည်သူများက မိမိတို့၏ ဆန္ဒသဘောထားများ တင်ပြကြပြီး ကန့်ကွက်ခဲ့ကြပါသည်။ ယင်းသို့ မြန်မာပြည်သူများက ကန့်ကွက်ခဲ့သော်လည်း အမေရိကန်နှင့် ဗြိတိန်တို့ပူးပေါင်းပြီး မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချမှတ် အရေးယူနိုင်ရေးအတွက် အားထုတ်ကြိုးပမ်းခဲ့ကြသည်။ ၎င်းတို့ အားထုတ်ကြိုးပမ်းမှုများကို ပြည်တွင်း ပြည်ပ အဖျက်သမားများကလည်း ထောက်ခံခဲ့ကြသည်။

ယင်းသို့ အချိန်ကိုက် လှုပ်ရှားခဲ့ကြသော ပြည်တွင်း ပြည်ပ အဖျက်သမားနှင့် အဖွဲ့အစည်းများကို မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းက ပြစ်တင်ကန့်ကွက် ရှုတ်ချလိုက်သည်။

မြန်မာနိုင်ငံအပေါ် အခြေအနေမှန်သိရှိပြီး အပြုသဘောဆောင်သည့် နိုင်ငံကြီးနှစ်နိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာ (Double Veto) နှင့် ပယ်ချခဲ့ပြီး တောင်အာဖရိကသမ္မတနိုင်ငံက ကန့်ကွက်ခဲ့ကြသဖြင့် အဆိုပါမူကြမ်းကို ပယ်ချလိုက်ကြောင်း သိရပါသည်။

ထိုသို့ပယ်ချခဲ့ခြင်းအတွက် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ အမှုဆောင်အဖွဲ့နှင့် အသင်းသူအသင်းသားများက များစွာဝမ်းသာနေကြသည့်အပြင် မြန်မာနိုင်ငံအပေါ်တွင် အပြုသဘောဆောင် ဆွေးနွေးပေးခဲ့သော နိုင်ငံများအား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း

❖ ကချင်အထူးဒေသ(၁)မှ

၁။ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်နိုင်ရန် လုံခြုံရေးကောင်စီတွင် အစီအစဉ် တင်သွင်းခဲ့မှုအား ကန့်ကွက်ခဲ့ပြီးဖြစ်သည်။ မိမိတို့အဖွဲ့က ကန့်ကွက်သလို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ကန့်ကွက်ခဲ့ပြီးသည့်အပြင် ပြည်သူတစ်ရပ်လုံး ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီးဖြစ်ပါသည်။

၂။ ထိုကဲ့သို့ ဆန့်ကျင်ကန့်ကွက်နေသည့်ကြားမှ အမေရိကန်နှင့် ဗြိတိန်တို့သည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်နေမှု၊ HIV၊ တီဘီနှင့် ငှက်ဖျားရောဂါ ပြန့်ပွားနေခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တားဆီးနှိမ်နင်းခြင်းမရှိမှုစသည့် မမှန်မကန် အကြောင်းပြချက်များနှင့် ဆက်လက်ကြိုးစားပြီး လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်ရေး တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

၃။ ထိုလုပ်ကြံစွပ်စွဲမှုများ၌ မြန်မာ့အရေးကိစ္စသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည်မှာ မမှန်မကန် စွပ်စွဲမှုဖြစ်သောကြောင့် လက်မခံနိုင်သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က ကန့်ကွက်ခဲ့ကြပြီး ကျန်သုံးနိုင်ငံမှာ ကြားနေခဲ့ခြင်းဖြစ်သည်။ ၁၉၇၂ ခုနှစ်မှ ယနေ့အထိ မကြုံခဲ့ဖူးသော Double Veto သုံးခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏အခြေအနေမှန်ကို နားလည်ပြီး ထောက်ခံအားပေးမှု ပြုလုပ်ပေးခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကို ကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

၄။ မြန်မာနိုင်ငံ၏ အရေးကိစ္စသည် တိုင်းရင်းသားများအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သောကိစ္စဟု ယုံကြည်၍ ပြည်ပမှ စွက်ဖက်ဝင်ရောက်ဖြေရှင်းမှုကို လက်မခံနိုင်ကြောင်းနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၌ ဆက်လက်ပါဝင်ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည် အမှန်ကန်ဆုံးဖြစ်ကြောင်း မိမိတို့အဖွဲ့အစည်းအနေဖြင့် အခိုင်အမာ ယုံကြည်ခံယူပါကြောင်း ထပ်လောင်းကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
ကချင်ပြည်နယ် အထူးဒေသ(၁)
ဦးစခုန်တိန့်ယိန်း

❒ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချနိုင်ရေးမူကြမ်း တင်သွင်းခဲ့ပါသည်။ ထိုကဲ့သို့ပြုလုပ်ခြင်းသည် မြန်မာနိုင်ငံကို ခေတ်သစ်ကိုလိုနီသဘောမျိုး ကျွန်ပြုရန်ရည်ရွယ်ပြီး အမေရိကန်အပေါ်သစ္စာခံသည့် ရုပ်သေးအစိုးရကို လိုအပ်နေကြောင်း ပေါ်လွင်နေပါသည်။

၂။ မြန်မာပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ အမျိုးသားသစ္စာဖောက်များနှင့် ပြည်ပြေး သောင်းကျန်းသူများကလည်း အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် ဖိအားပေးလုပ်ဆောင်မှုကို ဝမ်းသာအားရ ကြိုဆိုထောက်ခံနေကြပါသည်။ အမေရိကန်အစိုးရ၏ လုပ်ရပ်များနှင့်အတူ အတိုင်အဖောက်ညီညီ ချိန်ကိုက်ပြီး လိုက်ပါလှုပ်ရှားနေသည်ကိုလည်း တွေ့မြင်နေရပါသည်။ ထို့ကြောင့် အမေရိကန်၊ ဗြိတိန်နှင့် ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ အမျိုးသားသစ္စာဖောက်များနှင့် ပြည်ပြေးသောင်းကျန်းသူများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် ရှုတ်ချပါသည်။

၃။ အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာနိုင်ငံ၏ အရေးကိစ္စသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ရာရောက်သည်ဟု ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချနိုင်ရေး တင်သွင်းသည့် မူကြမ်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာ (Double Veto)သုံး၍ ကန့်ကွက်ပယ်ချခဲ့သည်။ တောင်အာဖရိက သမ္မတနိုင်ငံအနေဖြင့်လည်း ဆုံးဖြတ်ချက်မူကြမ်းကို မထောက်ခံဘဲ ကန့်ကွက်မဲပေးခဲ့ပါသည်။ ထို့ကြောင့် အဆိုပါ အမှန်တရားကိုမြတ်နိုးသည့် နိုင်ငံများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ထို့ပြင် တင်သွင်းသည့် မူကြမ်းအပေါ် ကြားနေမဲ ပေးခဲ့ကြသည့် အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာနိုင်ငံတို့ကိုလည်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

● မြန်မာနိုင်ငံဆီကုန်သည်မှ

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ ထုတ်ပြန်ကြေညာချက်

"အမေရိကန်နှင့် ဗြိတိန်အစိုးရတို့က လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချနိုင်ရေး တင်သွင်းသည့် မူကြမ်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ Double Veto သုံး၍ ကန့်ကွက်ပယ်ချခြင်းအား အမှန်တရားကိုမြတ်နိုးသည့် နိုင်ငံတကာ ပြည်သူများနှင့်အတူ မြန်မာပြည်သူများ၏ အောင်ပွဲအဖြစ် ကြိုဆို"

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ခုတုံးလုပ်အသုံးချနေသော အမေရိကန်နှင့် ဗြိတိန်တို့နည်းတူ ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ အမျိုးသားသစ္စာဖောက်များနှင့် ပြည်ပြေးသောင်းကျန်းသူများကလည်း နိုင်ငံတော်အလုံးစုံပျက်စီးရေး၊ ဖြတ်လမ်းမှ အာဏာရရှိရေးတို့အတွက် ဝမ်းသာအားရ ထောက်ခံနေကြခြင်းအား ကန့်ကွက်ပြီး လုံခြုံရေးကောင်စီတွင် တင်သွင်းခြင်းသည် မှန်ကန်၍ တရားမျှတခြင်းမရှိကြောင်း မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများသာဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများ၏ တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးကို ပျက်ပြားအောင် လုပ်ဆောင်နေခြင်းများအား မည်သည့်နည်းနှင့်မျှ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချပါကြောင်း။

နိုင်ငံတော်နှင့် ပြည်သူများနည်းတူ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက သဘောထားကြေညာချက် ထုတ်ပြန်၍ အပြင်းအထန်ကန့်ကွက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မဲခွဲဆုံးဖြတ်ရာတွင် ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အပြင် ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကနိုင်ငံတို့အား မြန်မာပြည်သူများနည်းတူ အထူးကျေးဇူးတင်ရှိပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သဘောထားကြေညာချက်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်

အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်ကန်သောလုပ်ရပ်ကို ပြင်းထန်စွာရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၁၈

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဇန်နဝါရီ ၁၈ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်
ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး
မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏
သဘောထားကြေညာချက်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✻

ကချင်အထူးဒေသ(၁) ကြေညာချက်ထုတ်ပြန်

မြန်မာနိုင်ငံ၏ အခြေအနေမှန်ကို နားလည်ပြီး ထောက်ခံအားပေးခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကို ကျေးဇူးတင်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၈

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ကချင်ပြည်နယ် အထူးဒေသ(၁)က ဇန်နဝါရီ ၁၅ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ်
ကချင်ပြည်နယ် အထူးဒေသ(၁) (NDAK) ထုတ်ပြန်ကြေညာချက်
မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန်ကြံစည်မှုကို ကန့်ကွက်ခြင်း

ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ (၁၅) ရက်

စာမျက်နှာ ၁၂ ကော်လံ ၄ သို့ ❖

ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ)က သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်

မြန်မာနိုင်ငံအရေးကို ပြည်ပမှ စွက်ဖက်ဖြေရှင်းမှု လက်မခံနိုင်

ရန်ကုန် ဇန်နဝါရီ ၁၈

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး(ကလလတ)က ဇန်နဝါရီ ၁၅ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်
ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး
မူကြမ်းတင်သွင်းခြင်းအပေါ် ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး(ကလလတ)၏
သဘောထား ထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၁၅ - ၁ - ၂၀၀၇

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ☆

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ကြေညာချက်ထုတ်ပြန်

အမေရိကန်၊ ဗြိတိန်နှင့် ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ အမျိုးသားသစ္စာဖောက်များနှင့် ပြည်ပြေးများကို ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၁၈

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဇန်နဝါရီ ၁၅ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထား ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်
ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး
မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ သဘောထား

၁။ အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာနိုင်ငံ၏ အရေးကိစ္စသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်သည်ဟု စွပ်စွဲချက်တင်၍ **စာမျက်နှာ ၁၂ ကော်လံ ၄ သို့** ❐

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ကြေညာချက်ထုတ်ပြန်

အမေရိကန်နှင့် ဗြိတိန်တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချ အရေးယူရန်အားထုတ်ခဲ့ ၎င်းတို့အားထုတ်မှုကို ပြည်တွင်း ပြည်ပအဖျက်သမားများက ထောက်ခံခဲ့ အချိန်ကိုက်လှုပ်ရှားခဲ့သော အဖျက်သမားများ၊ အဖွဲ့အစည်းများကို ပြစ်တင်ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၁၈

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းက ဇန်နဝါရီ ၁၄ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❁

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက အမေရိကန်နှင့်ဗြိတိန်တို့မူကြမ်းတင်သွင်းခြင်းအပေါ် ကြေညာချက်ထုတ်ပြန်

နိုင်ငံတော်နှင့် ပြည်သူများ၏ တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးကို ပျက်ပြားအောင် လုပ်ဆောင်နေခြင်းများအား မည်သည့်နည်းနှင့်မျှ လက်မခံ၊ ပြင်းထန်စွာ ရှုတ်ချကန့်ကွက်

ရန်ကုန် ဇန်နဝါရီ ၁၈

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက် ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ဇန်နဝါရီ ၁၄ ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

စာမျက်နှာ ၁၂ ကော်လံ ၄ သို့ ●